


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော် ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ဒီတရားတော်အကောင်းဆုံး

(ခုနစ်နှစ်သားရဟန္တာ၊ သုခသာမဏေ)

(၁၅၊၁၀၊၅၆)

၁၁၀

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့တွင်ဟောကြားတော်မူသောတရားတော်

# ဒီတရားတော်အကောင်းဆုံး

(၁၅-၁၀-၅၆)

စာမူခွင့်ပြုချက် - ၃၆၁/၂၀၀၀ (၆)
အဖုံးခွင့်ပြုချက် - ၃၁၈/၂၀၀၀ (၆)

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၃၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ဒီတရားတော်အကောင်းဆုံး

(ခုနှစ် နှစ်သား ရဟန္တာ၊ သုခသာမဏေ)

(၁၅-၁၀-၅၆)

ဒကာဒကာမတွေ နားထောင်ကြ ဒီနေ့တရားဟော မှာက ဘာကိုဟောမှာလဲလို့ မေးလို့ရှိရင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သူ့ရဟန်းတွေကို ဆုံးမတယ်၊ ဘယ်လိုဆုံးမသလဲလို့မေးလို့ရှိရင်၊ မင်းတို့ရဟန်းတွေ မင်းတို့ကို တစ်ပါးသော ပုဂ္ဂိုလ်တွေက မေးကြလို့ရှိရင် မင်းတို့ ဂေါတမဘုရားဟာ ဘယ်အကျိုးငှာကျင့်တာတုံးလို့?။

တရားတွေအားထုတ်တယ်၊ တရားတွေအားထုတ် ဘယ်၊ မင်းတို့ ဂေါတမဘုရားဟာ အင်မတန်နာမည်ကြီး ဘယ်၊ အဲဒီလို တိတ္ထိတွေကမေးတဲ့အခါမှာ မင်းတို့က ဖြေရမယ်။

ဒုက္ခသ ပရိညာတံ ဘဂဝတိ ဖြဟ္မစရိယ ဝုဿတိ
မင်းတို့က ဖြေပါ၊ ဒုက္ခဿ=ဒုက္ခသစ္စာကို ပရိညာတံ
- ပိုင်းခြား၍သိခြင်းငှာ၊ ဘဂဝတိ-မြတ်စွာဘုရားသခင်
ကိုယ်တော်မြတ်ကြီးသည် ဝုဿတိ-ကျင့်သုံးတော်မူ၏။

## ဘုရားသည်ဘယ်အကျိုးငှာကျင့်တာတုံး

ဒုက္ခပိုင်းခြား၍ သိဖို့ရန်ကျင့်တယ်လို့ မင်းတို့ကဖြေ
ကြ ဘုရားကကိုယ်တော်တိုင် ဖော်လိုက်ပြီ ဒကာဒကာမတို့
သူကျင့်တဲ့အကျင့်ဟာတဲ့ ဒုက္ခပိုင်းခြားသိဖို့ ကျင့်တယ်လို့
မင်းတို့ရဟန်းတွေကို တိတ္ထိတွေက မေးလို့ရှိရင်၊ မည်သူက
မေးမေး၊ ဒုက္ခပိုင်းခြားသိဖို့ကျင့်တယ်လို့ မင်းတို့ကဖြေကြပါ၊

## ဘာပြုလို့တရားနာနေတုံး

ဒီမှာလည်း ဘုန်းကြီးက ဘုရား၏ကိုယ်စားလည်လုပ်
ပြီး သကာလ ဟောနေတယ်။ ဒကာဒကာမတွေ ဘာပြုလို့
တရားနာနေသတုံးလို့မေးလို့ရှိရင် ဒုက္ခကိုပိုင်းခြား၍သိဖို့ရန်
အလို့ငှါတရားနာပြီး ကျင့်ကြပါတယ်လို့ ဖြေကြပါ။

ဒုက္ခပိုင်းခြား၍သိတဲ့အကျင့်၊ ကျင့်ဖို့ရာ အားထုတ်
ကြပါတယ်လို့ ဖြေကြပါ။

ဒါဖြင့် ဒကာဒကာမတို့ ဒုက္ခကိုပိုင်းခြား၍ သိခြင်း အကျိုးငှာ ဘုရားကိုယ်တော်မြတ်ကြီးလည်းကျင့်တယ်။ အဲတော့ ဒကာဒကာမတွေလည်း 'ဒုက္ခပိုင်းခြား၍ သိဖို့ရန် အလို့ငှါ တရားကျင့်ကြတယ်လို့ ဒကာသိုက်ကမှတ်ရမယ်။

ဒေါ်ရွှေတို့ကျေနပ်ပလား၊ ဘယ်အကျိုးငှာကျင့်ကြ တာတုံး၊ (ဒုက္ခကိုပိုင်းခြား၍သိဖို့ရန်ပါဘုရား) အေး-- ဒုက္ခ ပိုင်းခြား၍သိခြင်းအကျိုးငှါကျင့်ကြပါတယ်လို့ ဒကာဒကာမ တွေ မှတ်လိုက်စမ်းပါ။

ဒုက္ခကို ပိုင်းခြား၍သိဖို့ရန်အလို့ငှါ ကျင့်ကြတယ်၊ အမယ်. . အတော်အရေးကြီးတဲ့စကား ဒေါ်အုန်းခင်ရေ (မှန်ပါ့) အင်မတန်အရေးကြီးတဲ့စကား ခင်ဗျားတို့ ကျုပ်တို့ ဆရာဘုန်းကြီးရော၊ ဘုန်းကြီးဒကာဒကာမတွေရော ဒုက္ခ ပိုင်းခြား၍ မသိတာနဲ့ အခုခန္ဓာကိုယ်ဒုက္ခသစ္စာကြီး ထမ်းပိုး နေရတာပေါ့ဗျ။

နောက်ဘဝကဘုန်းကြီးတို့ ဒကာဒကာမတွေ ဒုက္ခကို ပိုင်းခြား၍သိခဲ့ကြမယ်ဆိုရင်ဖြင့် အခုလက်ရှိခန္ဓာကိုယ်ကြီး အိုမှုနာမှုသေမှုကြီးကို ထမ်းနေဖို့လိုသေးသလား. . . (မလိုပါဘူး)။

အခုတော့ တစ်ခါတည်းကျက်သရေမင်္ဂလာမရှိတာ ကြီး ဟိုထမ်းပြေးရ၊ ဒီထမ်းပြေးရ၊ မန္တလေးထမ်းပြေးရ၊

တောင်မြို့ ထမ်းပြန်ခဲ့ရ ဘာတွေတုံးဆိုလို့ရှိရင် ကျက်သရေ မင်္ဂလာမရှိတဲ့ ဇာသုဘထည်ကြီး ထမ်းလာခဲ့ရတယ်။

## ဒုက္ခပေးတဲ့အထည်ကြီးထမ်းလာခဲ့ရတယ်

ဒုက္ခပေးတဲ့အထည်ကြီး ထမ်းလာခဲ့ရတယ်ဆိုရင် လွဲမလား (မလွဲပါဘူး) မယုံရင်စဉ်းစားကြည့်ပါလား၊ ခင်ဗျား တို့ ဒီကနေ မန္တလေးသွားမည့်အခါဆိုရင် မန္တလေးမှာ အိပ်စရာ၊ နေစရာ၊ ကုဋ္ဌိကျင်ငယ်ကအစ၊ တည်းမည့်အိမ်၊ ပြည့်စုံမပြည့်စုံကအစ မေးရတယ်။

ကိုယ်ကအနာတွေက အများကြီးပါသွားတော့ ဟိုကျ ရင် ဒီအနာတွေ၊ ထမည်ကြွမည်ဆိုတာက သိပြီးသားဖြစ် နေတယ်။

ဆာလောင်မွတ်သိပ်တဲ့ အနာကြီးကလည်း၊ မန္တလေး ကျရင်ကြွမယ်၊ ကျင်ကြီးကျင်ငယ်စွန့်ချင်တဲ့အနာကကော (ကြွမှာပါဘုရား)၊ အဲဒါကြောင့် မန္တလေးသွားမည်ကြံလို့ရှိရင် ရေတွင်းရေကန်ရေပိုက်ပြည့်စုံပါရဲ့လား၊ အစားအသောက် ဆိုင်ဟနားကော နီးပါရဲ့လား၊ မေးရတယ်. . . (မေးရပါ တယ်ဘုရား)။

ဘာဖြစ်လို့ဒါဟာ [illegible]ရင်မေးနှင့်ရ[illegible]ဆိုတော့ မကောင်းတဲ့အထည်ကြီးဖြစ်နေတော့ ဟိုရောက်ရင် ဒီအနာ

ကြီးကကြွတော့မယ်ထတော့မယ်၊ အလုပ်တွေလုပ်ရတော့မယ်ဆိုတာ ခင်ဗျားတို့ အဆင့်ကိုမေးထားရတယ်။

သူကတကယ်မကောင်းလို့ပဲ ဒေါ်ရွှေတို့ရ (မှန်ပါ့) တကယ်ကောင်းလို့ရှိရင်ဖြင့် ဒီအကြောင်းတွေ မေးထားနှင့်ဖို့ လိုသေးသလား. . . (မလိုပါဘူး)။ ကုဋေရှိရဲ့လား ထမင်းဆိုင်ရှိရဲ့လား၊ ရေတွင်းရေကန်ရှိရဲ့လား အညစ်အကြေးဆေးဖို့၊

အမလေး အစောကြီးကမေးရတ ှ်၊ မင်္ဂလာစကားနဲ့ မေးရတာလား၊ အမင်္ဂလာစကားနဲ့ မေးရတာလား. . . (အမင်္ဂလာစကားနဲ့ မေးရတာပါ)။

ကိုင်း ကျုပ်တို့ခန္ဓာကိုယ်ကြီးဟာ ဟိုသွားရော၊ ဟိုမှာ အနာထတာပဲ၊ ဒီပြန်လာပြန်တော့- (ဒီမှာအနာထပါတယ်ဘုရား)၊ ဒါဖြင့် ကျုပ်တို့ ဒီဒုက္ခကြီးကို။ တစ်သံသရာလုံး ထမ်းပြီးသကာလ ယခုထက်တိုင်ပင်ကျွတ်လမ်းမတွေ့သေးတာသည်၊ နောက်ဘဝက ဘာမသိခဲ့လို့တုံးဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

ဘာတုံး. . . (ဒုက္ခမသိခဲ့လို့ပါ) အေး--နေရာကျလိုက်တာ မရီကိုဟင်၊ ဒုက္ခမသိခဲ့လို့ ဒီလောက်ကျုပ်တို့ နေရာထိုင်ခင်းရွေးနေရတာ (မှန်ပါ)။

ဥတုသပ္ပာယကဘာယ့်နှယ်နေသတုံး၊ ဆိုတာလည်း ကိုယ့် အနာထမှာစိုးလို့။ ခန္ဓာကိုယ်ကြီးက အနာထပြမှာစိုးလို့ ဒေါ်အုန်းခင် (တင်ပါ)။

ဥတုသပ္ပာယကဘယ်နှယ်နေသတုံးဆိုတာ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ) ရေတွင်း၊ ရေတန်ရှိရဲ့လားဆိုတာ အညစ်အကြေးတွေကပါသွားလို့ ဟိုကျဆေးရ ကြောရမှာကြောင့် ချွေးတွေသန်တွေကလာဦးမှာကိုး၊ ဟုတ်ဘူးလား (ဟုတ်ပါတယ်)။

ကုဋ္ဌိကျောင်ငယ်ရှိရဲ့လားဆိုရင်ဖြင့် ဝမ်းထဲကအနာကြီးက ကြွလာလို့ရှိရင် ကျင်ကြီးစွန့်ချင်တယ်၊ ကျင်ငယ်စွန့်ချင်တယ်ဆိုတာကလာဦးမှာပဲ၊ အဲတော့ မေးထားရတယ်။

ဒါစိတ်ချရလို့မေးထားတာလား၊ စိတ်မချရလို့လား (စိတ်မချရလို့ပါ) အမလေးဒါဖြင့် ဟိုသွားတော့ စိတ်မချရလို့မေးထားနှင့်ရတယ်၊ ဒီဘက်ပြန်လာတော့ ဒီမှာကော ပြည့်ပြည့်စုံစုံရှိရဲ့လားဆိုတာကို မေးမြန်းစုံစမ်းပြီး လာခဲ့ကြရတယ် (မှန်လှပါ)။

ဒီဘက်ကျတော့လည်း ခင်ဗျားတို့ ဒီအကြောင်းတွေအကုန်စုံစမ်းပြီးမှ လာခဲ့ရကော့ ဒီဘက်ကျတော့လည်း ဒီကိစ္စလိုက်လာမယ်ဆိုတာ သိလို့ မေးထားပြီးမှ လာခဲ့ကြရတယ်၊ ဒေါ် သန်းရိပ်မိပလား (ရိပ်မိပါပြီ)။

အမလေး ခင်ဗျားတို့ မေးရတာက ခင်ဗျားတို့ကသာ နိုးရာကြီးဖြစ်နေတာ၊ အရိယာမျက်လုံးတပ်ပြီး ကြည့်လိုက်ပြီ၊ ဆိုမှဖြင့် ခင်ဗျားတို့ မေးတာဟူသရွေ့ လွန်၊ လွန်လွန်းတယ်။

## ဒါဘာသစ္စာခေါ်မလဲ

ဒီအနာကြီးကလည်း ဘယ်မှုချထားလို့ မဖြစ်ဘူးထင်ပါရဲ့၊ မမေးထိုက်ဘူးလား (မေးထိုက်ပါတယ်ဘုရား) မရီတို့ကဲ. . ဒီအနာကြီးဟာ ချထားလို့ဖြစ်ကဲ့လား (မဖြစ်ပါဘုရား) အမလေး၊ ဒီအနာကြီးက မတက်တဲ့နေ့ကောရှိရဲ့လား (မရှိပါဘုရား) အနာမကြွတဲ့နေ့ကော. . . (မရှိပါ)။

အဲဒါဘာသစ္စာခေါ်မလဲ (ဒုက္ခသစ္စာပါဘုရား) အဲဒါကြီးနောက်ဘဝက မသိခဲ့တဲ့အတွက် ဒေါ်အုန်းခင်ရဲ့ ကျုပ်တို့သည်ကားလို့ဆိုလို့ရှိရင် ဒါကြီးကိုလည်း ပစ်ထားလို့လည်းမရထမ်းသွားပြန်လည်းပါလာ၊ ဘယ်နေရာမှ မင်းနေရစ်ပါဦးဆိုလို့လည်း ခိုင်းလို့စီလို့ရကြရဲ့လား. . . (မရပါဘုရား)။

ဒါဖြင့် မခက်သေးဘူးလား. . . (ခက်ပါတယ်) ဘာမသိခဲ့လို့ ဒါကြီး၊ ဒါလောက်ထမ်းနေရတာလဲ. . (ဒုက္ခသစ္စာ မသိခဲ့လို့ပါဘုရား) ဒုက္ခသစ္စာမသိခဲ့တဲ့အတွက် ဒကာဒကာမတွေ အခုတော့ဖြင့် ဒုက္ခတွေ လှလှကြီးနဲ့ဖြင့်မတွေ့ရသေးဘူးလား. . . (တွေ့ရပါပြီဘုရား)။

## မင်းတို့ဘုရားဘယ်အကျိုးငှာကျင့်တာတုံး

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နောက်ဆုံးပိတ်မင်းတို့ဘုရား၊ ဘယ်အကျိုးငှာ ကျင့်သတုံးလို့

ဘယ်သူကမေးမေး ရဟန်းတွေရေ ဒီလိုဖြေခဲ့ ဒီလိုဖြေခဲ့ကြ၊

ဒုက္ခဿ ပရိညာတံ ဘဂဝတိဗြဟ္မ စရိယံ ဝုဿတိ လို့ အဲဒီလိုဖြေကြကွ -

## ဘုရားကငါ့အကြောင်းမေးရင်ဒီလိုသာဖြေတဲ့

ဒုက္ခဿ-ဒုက္ခကို ပရိညာတံ-သိခြင်းအကျိုးငှာ၊ ပိုင်းခြား၍ သိခြင်းအကျိုးငှာ ဘဂဝတိ-မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်၊ ဗြဟ္မစရိယံ-မြတ်တဲ့မဂ္ဂင်ရှစ်ပါးအကျင့်ကို ကရတိ-ကျင့်၏။

ဒုက္ခပိုင်းခြား၍သိတဲ့ မဂ္ဂင်အကျင့်ကိုကျင့်တယ်လို့ မင်းတို့ဘယ်သူက မေးမေး၊ ငါ့အကြောင်းမေးရင် ဒီလိုသာဖြေကြ၊ (မှန်ပါ့)။

ဘယ်လောက်အရေးကြီးလို့ပြောတဲ့တရားတော်လည်းဆိုတာ ပေါ်လာကြပလား (ပေါ်လာပါပြီ)၊ အဲတော့ ဒကာ ဒကာမတို့ ခင်ဗျားတို့အိပ်ယာ၊ နေရာရှိရဲ့လား၊ ရေတွင်းရေကန်ရှိရဲ့လား၊ ကုဋီကျောင်ငယ်ရှိရဲ့လား၊ ထမင်းဆိုင်ဟင်းဆိုင် ရှိရဲ့လားဆိုတဲ့ ဥစ္စာ၊ အစောကြီးကတင်ကြိုမေးရတယ်။

ဘာဖြစ်လို့လည်း၊ ရောက်ရင်ဒီဒုက္ခကြီးက ထမယ်ကွမယ်ဆိုတာ ငြင်းဖို့လိုသေးသလား၊ (မလိုပါဘူးဘုရား)

အဲဒါကြောင့် ခင်ဗျားတို့မှာ ကျုပ်တို့မှာ ကျက်သရေ မင်္ဂလာ မရှိတဲ့စကားက စပြောရတယ် (မှန်ပါ့) ဒေါ်အုန်းခင်ကြီးတို့က မမေးမိဘူးထင်တယ် (မေးမိပါတယ်ဘုရား) ခုတော့ ရိပ်မိပြီမို့လား (ရိပ်မိပါပြီ)။

ဒီဘဝကြီးကူးလာခဲ့တာ ခင်ဗျားတို့ မသိတဲ့ပုဂ္ဂိုလ်မို့ ဒီဒုက္ခကြီး၊ ချမရ၊ ထားမရ၊ ခွဲမရနဲ့ ဒကာသိုက်ရေ ကြုံနေရတယ် (မှန်လှပါဘုရား) အခုတော့ဖြင့် ဒါကြီးဟာ အင်း. . . ရှင်လည်းပေါင်းနေရတာပဲ။

သေမည့်အကောင်ကြီးနဲ့ကော အတူနေရတာပဲ၊ နာမည့်အကောင်ကြီးနဲ့ကော (အတူနေရပါတယ်)၊ ရောဂါများတဲ့ ခန္ဓာကိုယ်ကြီးနဲ့ကော (အတူနေရပါတယ်ဘုရား) အမလေးခင်ဗျားတို့မို့ ကြံဖန်ပျော်ပါပေတယ်။

## ပတ်တီးအစုံယူခဲ့ကြရတယ်

အဲဒီလိုလာခဲ့ကြရတာ၊ မန္တလေးက လာခဲ့ကြရတာ ဆိုလို့ရှိရင်၊ တစ်ထည်လဲတစ်ထည်ခြုံနဲ့လာခဲ့ကြရတာလား အပိုအမိုယူခဲ့ကြရတာလား. . (အပိုအမိုယူခဲ့ကြရပါတယ် ဘုရား) အမလေးပတ်တီးအစုံယူခဲ့ကြရတယ်။

ပတ်တီးအစုံယူခဲ့ကြရတယ်၊ ဘာ့ကြောင့်လည်း ဒီကျ အနာထမယ် သိပြီးသားကို (မှန်ပါ့) ကိုယ့်အကြောင်းကိုယ် ကောင်းကောင်းသိကာနဲ့ပဲ အစုံအလင်ယူခဲ့ရတယ်။

အင်းစားဖို့သောက်ဖို့ကလေးများကော ယူခဲ့ကြသေး ရဲ့လားလို့ မေးပြန်တော့ (ယူခဲ့ရပါတယ်) အင်း ဆာလောင် မွတ်သိပ်နာကြီးကလည်း ဒီကျပေါက်ဦးမှာကိုး (မှန်ပါ့ဘုရား)။

အမလေး ဒကာဒကာမတို့ အားစိတ်ကို ရှိကြသေးရဲ့ လား (မရှိပါဘုရား) အားစိတ်ကို မရှိအောင်တစ်ခါတည်း အဆုံကြီးဆုံ။ အကြံကြီးကြံပြီးတော့ ဒါဘာတုန်းဆိုတော့ ဒုက္ခမသိခဲ့လို့ ဆုတောင်းယူခဲ့လို့ (မှန်ပါ့)။

အခုတော့ဖြင့် ဘယ်အချိန် စိတ်ချ၊ လက်ချနေရတုံး ဆိုတော့ မနက်စာစားပြီးလို့ရှိရင် ညစာအတွက် စိတ်မချရ ဘူး၊ ညစာအတွက် အားထုပ်ရပြန်ပြီ။

ညစာအတွက်အားထုတ်လို့ပြီးပြီဆိုလို့ရှိရင် ညစာ သွင်းဖို့ ညစာထုတ်ဖို့အရေးကြီးလာပြီ ညစာစားဖို့က ထမင်း ကျွေးရတယ်၊ ညစာထုတ်ဖို့က ကုဋ္ဌအဆင်သင့်ထားရတယ်၊ အားသေးရဲ့လား. . . (မအားပါဘုရား) မနက်စာသွင်းဖို့ ကော အားထုတ်ရသေးသလား (အားထုတ်ရပါတယ်) မနက် စာ ထုတ်ဖို့ကော (အားထုတ်ရပါတယ်)။

အမလေး ဒကာဒကာမတို့ ခက်လှချည်လား ခက်လှ ချည်လား ခင်ဗျားတို့ခန္ဓာကိုယ်ကြီးက ဘယ်ထားထား နေရာ ကျရဲ့လား (မကျပါဘုရား) နေရာမကျဘူး၊ ဘယ်လောက် ကောင်းတဲ့ အဝတ်ဖြစ်ဖြစ်ဆင်လိုက်လို့ရှိရင်ဖြင့် သူ့အညစ်

အကြေးနဲ့ပဲ တော်ကြာသုံးရက်ရှိ လေးရက်ရှိ ငါးရက်ရှိ ဖွတ်ရပြီ၊ လျှော်ရပြီ (မှန်ပါ့)။

လျှော်ရပြီ အဲဒါခင်ဗျားတို့က ဖွတ်ရလျှော်ရတာများ ဂုဏ်ယူနေကြသေးလား၊ ဂုဏ်ယူစရာလိုသေးလား (မလိုပါဘုရား) ခင်ဗျားတို့အဖြစ်ဆိုးကြီးဟာလေ (မှန်ပါ့)

အဲသလောက်ဒါကြီးဘယ်နှယ်ကြောင့် ကြုံရဆုံရပြီ ဤကဲ့သို့ခွဲမရ ခွာမရဖြစ်နေပါလိမ့်မလဲဆိုလို့ရှိရင် ဒကာသိုက် ရိပ်မိပလား (ရိပ်မိပါပြီ)။ ဘယ်နှယ်တုံး. . (မခွဲခွာချင်လို့ပါဘုရား) ကိုင်း ဒေါ်သန်းတို့ (ရိပ်မိပြီ)။

## မျှော်လင့်ချက်ရှိလာပြီ

အမလေး ဘုန်းကြီးတို့ ဒကာဒကာမတွေ တော်သေးတယ်နော် နောက်ဆုံးပိတ် ဒုက္ခသစ္စာသိအောင် ဟောပေးမဲ့ဆရာနဲ့လာတွေ့တော့ နောက်ဒီဒုက္ခကြီး ကျွတ်ရတော့မယ်ဆိုတာလည်း မျှော်လင့်ချက်ရှိသေးတယ် (ရှိပါတယ်ဘုရား)။

ဒီလိုမှ ဒေါ်အုန်းခင်သစ္စာတရားကို မနာရတဲ့ ပုဂ္ဂိုလ်ဖြင့် နောက်လည်း ဒီဒုက္ခနဲ့သူနဲ့ ဘယ်တော့မှ အိုးစားမကွဲဘူး၊ (မှန်ပါ့) ဆိုတတ်ကျပလား. . . (ဆိုတတ်ပါပြီ)။

## ဒုက္ခသိဖို့အလုပ် ကြိုးစားကြစမ်းပါ

သူဒုက္ခမှမသိလို့ ရှောင်ချင်ဖယ်ချင် ရှားချင်တဲ့စိတ် လာသေးရဲ့လား (မလာပါဘုရား) ဒါဖြင့် ဒုက္ခသိဖို့ အလုပ်များဖြင့် အရေးတကြီး ကြိုးစားကြစမ်းပါဆိုတာ ဘုရားမတိုက်တွန်းသင့်ဘူးလား (တိုက်တွန်းသင့်ပါတယ်)။

**ဒုက္ခသပရိညာတံ ဘဂဝ တိ ဖြဟ္မစရိယံ ဝုဿတိ** လို့ မင်းတို့ဖြေကြဟော့လို့ ဒို့ဘုရားကျင့်တဲ့ အကျင့်ဟာဖြင့် အကျင့်တွေ ဘယ်အကျင့် ကျင့်သတုံးလို့ မေးလို့ရှိရင် ဒုက္ခပိုင်းခြား၍ သိဖို့ရန် မြတ်သောမဂ္ဂင်အကျင့်ကို ဒို့ဘုရားကျင့်နေတယ်လို့ မင်းတို့ မေးတိုင်း ဖေးတိုင်း ပြောကြ။

ဘယ်သူကမေးမေးဒါသာပြော (မှန်ပါ့ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေဟာ အခုတရားနာကြတယ် အားထုတ်ကြတယ်ဆိုတာ ဘာကိုအားထုတ်ကြတာလဲ. . (ဒုက္ခပိုင်းခြား၍သိဖို့ပါဘုရား) ဒုက္ခကို ပိုင်းခြား၍ သိဖို့ရန်အလို့ငှါ ကျင့်နေကြတယ် ဒေါ်အုန်းခင် ဘာကျင့်နေကြတာလဲ (ဒုက္ခပိုင်းခြား၍သိဖို့ရန်အလို့ငှါပါဘုရား)။

အဲဒုက္ခပိုင်းခြားသိတဲ့ ဒကာဒကာမတွေကျတော့ ဒီဒုက္ခကြီးကို ရွံ့မုန်းလာတဲ့ ဉာဏ်မလာပေဘူးလား (လာပါတယ်) လာရင်ဒီဒုက္ခကြီးကို အားထုတ်ပြီး ဆုတောင်းယူဦးမှာလား (မယူပါဘူးဘုရား)။

အဲဒီမှာ ကျွတ်လမ်းလွတ်လမ်း၊ ဒုက္ခမှ ကျွတ်လမ်းလွတ်လမ်းတွေ့မယ်ဆိုတာ၊ သိတဲ့ပုဂ္ဂိုလ်မှ ကျွတ်လမ်းလွတ်လမ်းတွေ့မယ် (မှန်လှပါဘုရား) ဒကာသိုက်ရေ-မသိတဲ့ပုဂ္ဂိုလ်ဖြင့် (မတွေ့ပါဘုရား)။ ကျွတ်လမ်းလွတ်လမ်းတွေ့ပါ့မလား. . (မတွေ့ပါဘုရား)။

## သာမညကံနှင့် ဒိနေရာမျိုးမရောက်နိုင်ပါ

ဒီရောက်ပြီးလာကြတဲ့ ဒကာဒကာမတွေမှာ ဩော်တော်တယ်၊ တော်တယ် ခင်ဗျားတို့။ သာမညကံနှင့်ဆိုရင် ဒိနေရာမျိုးရောက်ကို မရောက်နိုင်ဘူး၊ အခုတော့ ဒုက္ခကျွတ်ဖို့ လွတ်ဖို့အရေးဟာ ဒီမှာဟောပေးမဲ့ဆရာလည်းရှိ၊ ကျင့်ကြံနည်းပေးတတ်တဲ့ ဆရာလည်းရှိတော့ (မှန်ပါ့)။

ဩော်-ဝဋ်ကျွတ်မည့်၊ ဝဋ်ကျွတ်လိုတဲ့ ပုဂ္ဂိုလ်မို့ ဝဋ်ကျွတ်ခါနီးပုဂ္ဂိုလ်မို့ ရောက်လာတာ (မှန်ပါ့ဘုရား)။

ဒေါ်အုန်းခင်ယုံပလား (ယုံပါတယ်) ဘယ်ပုဂ္ဂိုလ်မို့ ရောက်လာတာလဲ (ဝဋ်ကျွတ်ခါနီး ပုဂ္ဂိုလ်မို့ ရောက်လာတာ) အေး-ဝဋ်ကျွတ်ဖို့ရာ ရောက်လာကြတာ။

## ဝဋ်ကျွတ်ဖို့ရောက်လာတာ

တော်တော်သေးတယ်၊ ဝဋ်ကျွတ်ဖို့ရန် ရောက်လာကြ

တယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ကိုယ့်ဝဋ်လည်း ကိုယ်သိကြပြီမို့လား (သိပါပြီဘုရား)။

အေးလေ၊ ခုနက ပြောသွားတာ အစုံအလင်ထား ရတယ်ဆိုတဲ့ဥစ္စာ ဝဋ်ပေါ့ဗျာ၊ ဝဋ်တောင်မှ ဆေးအတွက် မလွတ်ရပါဘူး၊ ပတ်တီးမလွတ်ရပါဘူးဆိုတာ ရိပ်မိပလား၊ ဟိုရောက်ပြန်တော့လည်း ခင်ဗျားတို့ ပန်းကန်ခွက်ယောက် ရှိရဲ့လား၊ ခန္ဓာကိုယ်ကြီး၊ စာနာကူဖို့ (မှန်ပါ့) ပန်းကန်ခွက် ယောက်က ဆေးခွက်တွေ. . . (မှန်ပါ့)။

ဆေးခွက်တွေအရင်မေးထားရတယ်။ ဆေးများ ဝယ်လို့ရပါ့မလားလို့ မေးရတယ်၊ ဆန်၊ ဆီ၊ ငါးခြောက်၊ ငါးပိ ကလည်း မေးရသေးတယ်၊ ဆေးခွက်ကော ရှိရဲ့လား၊ ဆေး ကောရှိရဲ့လား (မေးရပါတယ်) ပတ်တီးများကော လိုရင် အလွယ်တကူရရဲ့လား ဆေးရုံကောရှိရဲ့လား?။

## ဘာပြုလို့အမေးထူတာတုံး

ဘာဖြစ်လို့ဒီလောက်တောင် အမေးတွေက ထူလှ ချည့်လား၊ ဘာပြုလို့ ဒီလောက်ထူနေရတာလဲ (ဝဋ်ကြောင့် ပါ) အေးဝိပါကဝဋ်ကောင်မို့လို့. . . (မှန်ပါ့)။

ဒေါ် အုန်းခင်ဘာပြုလို့ဒါလောက် လျှာရှည်မေးနေရ တာတုံး သဘောကြပလား ဝဋ်ကောင်ကြီးပေါ် လာကြပလား

(ကျပါပြီ) အမလေး၊ ဒကာဒကာမတို့ ခင်ဗျားတို့ လျှာရှည်သရွေ့ ကိုယ့်ဝင်ငွေကောင်ကြီးအတွက်ကို ကိုယ်မသိကြလို့ မရတာချည်ပဲ ရိပ်မိကြပလား (ရိပ်မိပါပြီ)။

ဘယ်လောက်ထိအောင် ဆိုးတယ်ဆိုတာပေါ်လာကြပလား. . (ပေါ်ပါပြီ)။ အမလေး ဒကာဒကာမတို့ ကြောက်စရာကောင်းလိုက်တဲ့ဖြစ်ခြင်းမှ မပြောပါနဲ့တော့ တည်းစရာအိမ်ရှိရဲ့လားလို့မေးတာ ဆေးရုံရှိရဲ့လားလို့မေးတာ. . (မှန်လှပါဘုရား)။

ပန်းကန်ခွက်ယောက်ရှိရဲ့လားဆိုတာ ဆေးခွက်ရှိရဲ့လားလို့မေးတာ ဆန်၊ ဆီ၊ ငရုပ်၊ ငါးခြောက်က ဘယ်နှယ်နေသတုံးပေါပေါများများရှိရဲ့လား၊ ကျုပ်အနာက အတော်ကြီးတယ် အတော်ကုရလိမ့်မယ်၊ ဆေးဖိုးမနည်းကုန်လိမ့်မယ်. . (မှန်ပါ့ဘုရား)။

ဒါတွေပြောတာမဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား) အမလေး ဒကာဒကာမတို့ တစ်ယောက်နဲ့တစ်ယောက် စုံစမ်းတာ ဘာမေးကြတာတုံး၊ (ဆေးခွက်တွေဆေးတွေမေးတာပါ) ခင်ဗျားကဘာဖြစ်နေကြလို့ ဒီလောက်အမေးထူရတာတုံး. . . (ဝိပါကဝဋ်ကြောင့်ပါဘုရား)။

ဝိပါကဝဋ်ကောင်၊ အနာထပိဏ်သူဌေးတွေမို့ မေးရတာ၊ ရိပ်မိပလား (ရိပ်မိပါပြီ) ဝိပါကဝဋ်ကောင်၊ အနာတွေ

ပေါလွန်းလို့ မေးရတာ အမလေး ဒကာဒကာမတို့ ခင်ဗျားတို့ အခုဖော်ပြောတော့ ဒေါ်အုန်းခင်ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဒေါ်သန်းတို့ကော (ရိပ်မိပါပြီ)။

ဘာကောင်တွေတုံး (ဂင်္ဂုကောင်တွေပါဘုရား) ဝိပါက ဝဋ်ကောင်အနာဘယ်နှစ်မျိုးပေါက်သလဲ. . (မျိုးစုံပေါက်ပါတယ်) မျိုးစုံပေါက်တယ် (ပေါက်ပါတယ်)၊ ဒီအရပ်ကဟိုအရပ် ရွှေ့သွားရင်ကော အနာကင်းပါရဲ့လား (မကင်းပါဘုရား)။

ဒါကြောင့် အဆင်သင့်ဟိုမှာကော. . အိမ်ရှိရဲ့လား ယာရှိရဲ့လား အစားအသောက်ရှိရဲ့လား၊ အထည်အလိပ်ရှိရဲ့လား၊ ခြင်ထောင်အစရှိသဖြင့် ရှိရဲ့လား၊ အိပ်စရာ၊ နေစရာ အစရှိသဖြင့် ရှိရဲ့လားလို့ အကုန်မေးရတယ်။

## ဝဋ်ကျွတ်တဲ့တရားဟောနေတယ်

မေးရတယ် ဘာကြောင့်လည်းဆိုတော့ သူ့အနာက ဒီမှာလည်း ဒီအနာကြီးကကြွလျက်ထလျက် ဟိုရောက်တော့ သူမကြွပဲ မထပဲ နေမှာလား (မနေပါဘုရား) ဒါဖြင့် ဒီအနာကြီး ထမ်းပြီးလည်နေရတာ ဝဋ်မကျွတ်ချင်သေးဘူးလား (ကျွတ်ချင်ပါတယ်ဘုရား)။

ဒါကြောင့်လည်း ဆရာဘုန်းကြီးက ဝင့်ကျွတ်တရား
ကို ဟောနေရတယ်ဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီ) အေး. .
ဒကာစိန် ဝင့်ကျွတ်ချင်သလား (ကျွတ်ချင်ပါတယ်) သို့သော်
လည်းတဲ့ ဝင့်ကျွတ်ချင်တယ်ဆိုတဲ့ အသံကလေး ထွက်လာ
ဖို့ရာ ဒေါ်ရွှေရေ ဝင့်ကိုအတော်ပြောယူမှ ကျွတ်ချင်တဲ့စိတ်
ကလေးပေါ်လာမှာ (မှန်ပါ့)။

အဲမာ နို့မို့ရင်ဖြင့် ကျင်ကြီးထဲကလောက်က ဘယ်
ပျော်သလဲ (ကျင်ကြီးထဲပျော်ပါတယ်ဘုရား) သိမှမသိပဲကိုး
(မှန်ပါ့)။

ခင်ဗျားတို့လည်း အမယ် ဆီပဲ၊ ဆန်ပဲ၊ ရေပဲ၊ မိုးပဲနဲ့
နေရရင် လူ့ဘဝအရထူးတယ်တောင် ပြောချင်ပြောသေး
တယ် (မှန်ပါ့) အခုကျတော့ အနာတွေဖြစ်နေတယ်၊ ဟုတ်
ဘူးလား (ဟုတ်ပါတယ်)။

အခုလို ဈေးတွေဘာတွေတက်လာတော့ နည်းနည်း
ဦးရိမ်ရတယ်၊ အနာရှိလို့ ဆေးဖိုးတက်နေရင်မကုရမှာစိုးလို့
(မှန်ပါ့ဘုရား) အခုလိုဈေးတွေဘာတွေတက်လာတော့
ဒေါ်အုန်းခင်တို့က လှူပ်သပေါ့ဗျာ။

ဘာဖြစ်လို့ လှူပ်သတုံးဆိုတော့ ဆေးတွေဈေးတက်
ကုန်ပြီ၊ အနာကလျော့မှာမဟုတ်ဘူး (တင်ပါ့) ဒါကြောင့်
ခင်ဗျားတို့ လှူပ်တာကိုး (မှန်ပါ့) ဒါကြောင့် တစ်မြို့လုံး

တောင်ကလူကမြောက်၊ မြောက်ကလူကတောင် တစ်ခါ
တည်းကို ပြေးနေတာပေါ့ဗျာ ဒါဘာဖြစ်ကြတာတုံး ဆေးဖိုး
ဆေးဖိုး ရိပ်မိကြပလား (ရိပ်မိပါပြီ)။

အနာရှိလို့ဆေးဖိုးတွေတက်လာတော့ လှုပ်ကုန်
ကြတယ်။ ဒီအတိုင်းဆိုရင်ရှေ့အခက်ကြီးပါလားတဲ့ အမလေး
ရှေ့လည်း အနာမပျောက်ဘူးလို့ပြောတာ (မှန်ပါ့)။

ဒီအနာက ဘယ်အချိန်ရောက်အောင် ကုရမှာလည်း
(သစ္စာသိအောင်ပါဘုရား) အမလေး ဒုက္ခသစ္စာ မသိသေး
ဟိုဘက်ကျရော (ဆက်ကုရမှာပါ) ဆက်ကုရမယ်၊ နာတာ
ရှည်လိုက်တာဗျာ၊ ဒကာဒကာမတွေ နာတာရှည်လိုက်တာ
(မှန်ပါ)။

ကဲ-မင်းတို့ယောကျ်ားတွေဘက်က ဘယ့်နှယ်တုံးကွ၊
(နာတာရှည်ပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီ) မင်းတို့က
ခြေတစ်ဘက်ဆွဲပြီး လက်တစ်ဘက်ကဆွဲနေမှ ဩဘ်
ကြောက်လိုက်တာ နာတာရှည်၊ တစ်ဘက်ဆွဲနေပြီ၊ သွက်ချာ
ပါဒ (မှန်ပါ့)။

မင်းတို့သွက်ချာပါဒက ဘယ်မှာကုလို့ ပျောက်တာပါ
သေးရဲ့လား (မပါပါဘုရား) အိမ်ကျလို့ရှိရင်လည်း သွက်ချာ
ပါဒဖြစ်အောင်ရှာရ ဖွေရတာပဲ၊ ဒီဘက်ရောက်ပြန်တော့
ကော. . (ရှာရဖွေရပါဘုရား) သွက်ချာပါဒရှာတာချည်းပဲ
(မှန်ပါ့)။

အဲဒါအနူအမွဲတွေကပါသေးတယ် (မှန်ပါ့) အဲဒါ လောက်တောင် ခင်ဗျားတို့က ဝိပါကဝဋ်ကောင်းဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီ)။ ဒေါ်အုန်းခင် ဒီရုပ်မျိုးပြန်တွေ့ချင်သေးသလား (မတွေ့ချင်ပါဘူးဘုရား)။ ဒေါ်ရွှေတို့ကော (မတွေ့ချင်ပါ) မရီတို့ကော (မတွေ့ချင်ပါ) ဟုတ်ကဲ့လား. . . (ဟုတ်ပါတယ်ဘုရား)။

**မင်းတို့ဘုရားဟာဘယ်အကျိုးငှါကျင့်တာတုံး**

အဲဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပြောဆိုတဲ့ စကားတစ်လုံးဟာ၊ ဘယ်လောက်အဖိုးတန်သလဲဆိုတာ ကြည့်လိုက်စမ်းပါ။

မင်းတို့ဘုရားဟာ ဘယ်အကျိုးငှါကျင့်တာတုံး?

အို-ဒုက္ခပိုင်းခြား၍သိဖို့ရန် မြတ်သောအကျင့် ကျင့်နေတာကွ။

ဆိုတော့ ဒုက္ခလေးတစ်လုံးသိရင် ဝဋ်ကျွတ်တယ်လို့ ပြောတာကိုး (မှန်ပါ့) ကဲ ဘယ်လောက် အဖိုးတန်သလဲ (တန်ပါတယ်ဘုရား) ဒေါ်သန်းရေ - အင်မတန်အဖိုးတန် တယ်နော် (မှန်ပါ့)။

အခုတော့ ဒကာဒကာမတွေက အင်း. . . ဒုက္ခ ကျွတ်ချင်တဲ့စိတ် ပေါ်လာလို့ ခင်ဗျားတို့မိဘရိုးရာ မျက်လုံး

ကလေးက ကွယ်ပြီးသကာလ၊ အခုဆရာသမားပေးတဲ
မျက်လုံးလေးတပ်လာလို့ အမယ်ဟုတ်တယ်ဘုရား ဆိုတာ
လေး လိုက်လာတာ။

ဒီတရားမျိုးမနာဘူးတဲ့ ပုဂ္ဂိုလ်တွေဆို ဒေါ်အုန်းခင်
ဒါထုံးစံ လူဖြစ်ရင် ရှာစားရမှာပဲ။ ရှာစားရမှာပဲတဲ့ မရှာပဲ
စားရမဲ့ဟာ၊ သူရှာလို့တောင်မတွေ့ဘူး (မှန်လှပါ) ဘယ်
လောက်များ ကြောက်စရာကောင်းသတုံး။

ဩော် ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီ
ကျင့်တဲ့အကျင့် ဒကာသိုက်သိပလား. . . (သိပါပြီ) ဘယ်
အကျိုးငှာ ကျင့်ပါသလဲ. . . (ဒုက္ခပိုင်းခြား၍သိဖို့ရန်
အကျိုးငှာ ကျင့်ပါတယ်)။

## ဗုဒ္ဓဘာသာဆိုရင် ဒီအကျင့်ကျင့်ရမယ်

ကိုင်း ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒါပဲလိုက်ကြ
(မှန်လှပါဘုရား) ဗုဒ္ဓဘာသာဆို ဘုရားကျင့်တဲ့အကျင့်လိုက်
ရမှာပေ့ါ။ ဒုက္ခပိုင်းခြား၍သိတဲ့အကျင့်ကိုပဲလိုက်ကြ (မှန်လှပ
ဘုရား)။

မောင်ချစ်ဆွေ၊ အရေးကြီးတယ်ကွ၊ ဒီတစ်လုံးဟာ
အင်မတန်အရေးကြီးတယ်၊ ဒကာစိန် (မှန်ပါ့)။

အခုဒကာဒကာမတွေမှာ အမျိုးမျိုးဒုက္ခတွေ တွေ့

ရတာသည် ဒုက္ခပိုင်းခြား၍မသိတော့ ဆုတောင်းတောင်ယူထားလို့တွေ့ရတာ အမလေး ဒကာဒကာမတွေ အခုတွေ့ရတဲ့ ဒုက္ခဟာ အလိုလိုလာတာလား၊ ဆုတောင်းယူထားကြတာလား. . . (ဆုတောင်းယူထားကြတာပါ)။

အဲဒါသိခဲ့လို့လား မသိခဲ့လို့လား. . . (မသိခဲ့လို့ပါဘုရား) နာလိုက်တာဗျာ နာလိုက်တဲ့ဖြစ်ခြင်း၊ အင်မတန်နာတယ် ဘုန်းကြီးတို့ ဒကာဒကာမတွေ အနာကြီးနာနေတယ်ဆိုတာ ပေါ်လာကြပလား. . . (ပေါ်လာပါပြီဘုရား)။

ဒီတစ်ခါမှမသိတတ်ရင် မြုပ်လေတော့ မျောလေတော့ပဲ (မှန်ပါ့) သွားပြီမရှိတို့ မတူတို့သွားပြီ ဒီတစ်ခါမသိတတ်ရင်သွားပြီ (မှန်လှပါဘုရား)။

## ဆုတောင်းပြည့်စုံတဲ့အချိန်

ဘာဖြစ်လို့သွားပြီလို့ဆိုရသတုံးလို့မေးတဲ့အခါကျလို့ ရှိရင်ဖြင့် အခုအခါမှာတော့ ဆရာကောင်းနဲ့ တွေ့ရပါလို၏လို့ ဆုတောင်း ခင်ဗျားတို့ပါတယ်၊ လူလည်းဖြစ်ရပါလို၏ဆိုတဲ့ဆုတောင်းကလည်းပါတယ် (မှန်ပါ့)။

သာသနာတွင်းကြုံရပါလို၏ဆိုတာကော (ပါပါတယ်) ပါတယ်။ ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာနဲ့ပဲ ဆရာကောင်းသမားကောင်း ကြုံကြိုက်ရပါလို၏ဆိုတာကော (ပါပါတယ်)။

အဲဒါလေး လွတ်သွားလို့ရှိရင် သွားပြန်ပြီတဲ့ (မှန်ပါ့) မောင်ချစ်ဆွေတို့ ဘာလွတ်ရင်သွားမလဲ (ဒါလွတ်ရင်ပါ) ဒီအထဲက အခုပြောတဲ့ အင်္ဂါထဲကတစ်ပါးပါးချို့လို့ ဒကာ ဒကာမတွေပျက်ပြီဆိုမှဖြင့် မြုပ်လေဦးတော့ဗျာ မျောလေ ဦးတော့ (မှန်ပါ့)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် ခင်ဗျား တို့ကလည်း သက္ကာယဒိဋ္ဌိကမပြုတ်သေးတော့ သက္ကာယ ဒိဋ္ဌိဆိုတာ ငါပဲဗျ။

## သက္ကာယဒိဋ္ဌိရှိတဲ့သူ ကျောက်ခဲနဲ့တူတယ်

ရုပ်နာမ်ကို ငါထင်တယ်၊ ဒုက္ခသစ္စာကို ငါထင်တယ်၊ အဲဒီလိုသက္ကာယဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်များဟာ ကျောက်ခဲလေးနဲ့ တူတယ်လို့ ဒေါ်အုန်းခင် ဘုရားကဟောတယ်။ ကျောက်ခဲ ကလေးရေထဲကို ဒေါ်အုန်းခင်ကပစ်ချလိုက်၊ မတူတို့ကပစ် ချလိုက် ဘယ်တော့ပေါ်မှာလဲ (မပေါ်ပါဘူးဘုရား)။

သူကရေပေါ်မျိုးလား၊ ရေမြုပ်မျိုးလား. . (ရေမြုပ် မျိုးပါ) အခုတစ်ချီလွှဲလိုက်လို့ရှိရင် ရေမြုပ်မျိုးထဲရောက်တော့ မယ် (မှန်ပါ့) တက်စရာဆိုတာ မမျှော်လင့်ပါနဲ့ မမျှော်လင့် ပါနဲ့ (မှန်ပါ့)။

မယုံလို့ ဂတိတိမ်းပြီးသကာလကြောင်ဖြစ်ကြည့်ပါ။

ကြောင်ဖြစ်ရင် ကြွက်ခုပ်စားမယ်၊ ဟုတ်ဘူးလား. . . (ဟုတ်ပါတယ်)။ ကြွက်ခုပ်စားသည်နှင့်တစ်ပြိုင်နက် ပါဏာတိ ပါတကံတွေကြောင့် သူကတစ်ခါ ဒီကြောင်ကတစ်ခါ ကြွက်ပြန်ဖြစ်ရတော့မယ်. . . (မှန်လှပါဘုရား)။

ကြွက်ပြန်ဖြစ်ပြီးသကာလ ဟိုကကြောင်ဖြစ်လာပြီး ခုပ်စားတော့မယ်သူတို့ချင်း လှည့်နေတာ ကိုင်း. . . ဒေါ် အုန်းခင် မြင်လိုက်ပလား. . .

ဒုက္ခသစ္စာ မသိပြီဆိုမှဖြင့် (မှန်ပါ့) ကိုင်း နောက်တော့ တိမ်းသွားတဲ့ပုဂ္ဂိုလ်ပြန်တက်စရာ မြင်သေးသလား. . (မမြင်ပါဘုရား) ဒါကြောင့် ကိစ္ဆော မနုဿပဋိလာဘော။ မနုဿပဋိလာဘော = လူ့ဘဝကလေးတစ်ကြိမ်၊ တစ်ခါပြန်တက်ဖို့အရေးသည်၊ ကိစ္ဆော = မင်းတို့ဘယ်လိုကြိုးစား ကြိုးစား မရနိုင်တဲ့အရေးပဲ ဘယ်လောက်များ ကြောက်စရာကောင်းသလဲ (ကြောက်စရာကောင်းပါတယ်ဘုရား) ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

## ဒါအကောင်းဆုံးတရား

အဲဒါဖြင့် ဘုရားကျင့်တဲ့ အကျင့်ဖြင့် မကျင့်လို့ မဖြစ်ဘူးဗျ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဒုက္ခကို ပိုင်းခြား၍ သိဖို့ရာမြတ်သော မဂ္ဂင်အကျင့်ကို ကျင့်ပါတယ်လို့

ဘယ်သူကမေးမေးဖြေကြပေ့ါ ဒါအကောင်းဆုံးတရား (မှန်ပါ့ဘုရား)။

သတ္တုချလိုက်တော့ဒါပဲပေ့ါမောင်မြင့်တို့ လူစုတွေ ရိပ်မိပလားကွ ရိပ်မိပါပြီ ဘာပိုင်းခြားသိရမှာလဲ. . . (ဒုက္ခ ပိုင်းခြားသိရမှာပါ)။

ဒါဖြင့် သံသရာရှင်မြူးလာတဲ့ ပုဂ္ဂိုလ်တွေ ငရဲမှာ နေတဲ့ ပုဂ္ဂိုလ်တွေ နတ်ပြည်မှာအပျော်ကြူးမြူးနေတဲ့ပုဂ္ဂိုလ် တွေ ငါးတွေပင်လယ်ထဲမှာဖြစ်နေတဲ့ပုဂ္ဂိုလ်တွေက သြော် ဘာမသိရှာကြလို့တုံးဆိုရင် ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)

ဘာဆိုကြမယ် (ဒုက္ခကိုပိုင်းခြား၍ မသိရှာကြလို့ပါ ဘုရား) ဒါဖြင့် ဒုက္ခပိုင်းခြား၍မသိတဲ့ ပုဂ္ဂိုလ်ဟူသ၍ ၏နေရာ ဌာနတွေတော့ အကုန်သိပါပြီ ဟုတ်လား နတ်ပြည်မှာ နတ်ရှူးတွေ ဖြစ်နေတာကော (သိပါပြီဘုရား)။

ဗြဟ္မပြည်ကနေ လူ့ပြည်ခုန်ချပြီး၊ အပါယ်ကျအောင် ဆင်းလိုက်တာကော၊ တိရစ္ဆာန်ကျတော့ ဘယ်တော့မှ မတက် နိုင်တာကော (သိပါပြီဘုရား) အဲ-လူ့ဘဝခေတ္တနားပြီး ဒီကနေ အပါယ်သွားမည့်ပုဂ္ဂိုလ်တွေကော (သိပါပြီဘုရား)။

## သားရေးသမီးရေးချိတ်ထားပါ

ဒါဖြင့်ဗျာ၊ ခင်ဗျားတို့သားရေးသမီးရေး ချိတ်ထား

လိုက်စမ်းပါ၊ သားရေး သမီးရေးချိတ်ထားလိုက်စမ်းပါ၊ ဒုက္ခပိုင်းခြားပြီးသိတဲ့အရေးလေးကိုဖြင့် အထူးအရေးလုပ်ပြီးတော့ထားပါ။

နို့မို့လို့ရှိရင်ခင်ဗျားတို့ ကျောက်ခဲသာမှတ်ကြပေတော့ ဒကာဒကာမတို့ (မှန်ပါ့) ပြန်တော့ပေါ် လိမ့်မယ်လို့ မအောက်မေ့နဲ့ မောင်ချစ်ဆွေရိပ်မိပလား (ရိပ်မိပါပြီဘုရား) မောင်မြင့်တို့ရိပ်မိပလားကွ (ရိပ်မိပါပြီဘုရား)။

ဒီတစ်ခါသွန်ရင်သွန် မသွန်ဘာဖြစ်မယ်ထင်ကြသလဲ မင်းတို့ (နစ်နာမှာပါဘုရား) နစ်နာတယ်၊ နစ်ရင်ဘာလမ်းဆိုတာပြောကြစမ်း (အောက်လမ်းပါဘုရား) ဒေါ် သန်းပေါ် လမ်းဆိုတာလာနိုင်သေးရဲ့လား (မလာနိုင်ပါဘုရား) ဘယ်နည်းနဲ့မှ မလာနိုင်တော့ဘူး။

## တရားမှာ အကောင်းဆုံးတရား

အဲဒါကြောင့်ဒကာဒကာမတွေကို မေတ္တာရှေ့ထားပြီး သကာလတရားမှာ အကောင်းဆုံးတရားဟောနေတာ အကောင်းဆုံးတရားပဲ (မှန်လှပါ)။

ကြည့်လေ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကျင့်တဲ့ တရားဟောတာ (မှန်ပါ့) ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ကိုယ်တော်မြတ်ကြီးက မင်းတို့ ဒိဋ္ဌိတွေကမေးမေး၊ ဘယ်သူ

ကမေးမေး မင်းတို့ဘုရား ဘယ်အကျိုးငှာကျင့်သတုံး ဆိုလို့ ရှိရင် ဒုက္ခပိုင်းခြား၍ သိဖို့ရန် မြတ်သောအကျင့်ကို ကျင့်နေတယ်လို့ ဖြေလိုက်ကွ။

တခြားဘာမှမင်းတို့အဖြေမရှိနဲ့၊ ဒီအဖြေထဲမှာ အကုန်ပါတယ်။ (မှန်လှပါ) ကိုင်း-ဒေါ်အုန်းခင်တို့ကျင့်တဲ့ အကျင့်ဟာ ဘယ်အကျိုးငှာတုံး. . . (ဒုက္ခပိုင်းခြား၍သိဖို့ပါဘုရား)။

အေး ခင်ဗျားတို့ရှေးကလုပ်နေတာတွေက ဒုက္ခပိုင်းခြား၍သိဖို့မပါဘူး၊ လူဖြစ်ဖို့ နတ်ဖြစ်ဖို့၊ သံသရာ ချမ်းသာဖို့ (မှန်ပါ့)။

## သံသရာချမ်းသာဖို့လို့ ဘယ်သူဟောထားသတုံး

ဟဲ့ သံသရာပါဆိုတဲ့ ဥစ္စာ၊ သံသရာဆိုတာ ချာလည်ပတ်ပတ်လည်နေတာ သံသရာခေါ်တာ၊ သံသရာချမ်းသာဖို့ဆိုတာ ခင်ဗျားတို့ ဘယ်သူကများ ဟောထားသတုံး၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

သံသရာချမ်းသာဖို့ဆိုတာ သံသရာဆိုတည်းက ခန္ဓာနှင့်ပတ်သက်ပြီး မပြတ်ရေတာသည် သံသရာကြီး အဝိုင်းပြေးပြေးနေတာကို သံသရာခေါ်တယ် (မှန်ပါ)။

အဲဒီသံသရာချမ်းသာဖို့ဆိုတော့ အဝိုင်းပြေးရတဲ့လူ

ချမ်းသာမှုရှိရဲ့လား. . . (မရှိပါဘုရား) အဝိုင်းပြေးရတဲ့လူ နားနိုင်ပါရဲ့လား. . . (မပါပါ)။ အမောကလဲ ဆိုက်နေတယ်။

အမောဆိုက်နေတဲ့ပုဂ္ဂိုလ်ကို ခင်ဗျားတို့ သံသရာ ချမ်းသာတယ်ထင်ပြီး လုပ်လိုက်ရင်တော့ ခင်ဗျားတို့ အမောဆိုက်မယ်လို့သာ ပြောလိုက်ပါ (မှန်ပါ့ဘုရား) ရိပ်မိကြပလား (ရိပ်မိပါပြီ) အင်မတန်မဆိုးဘူးလား. . . (ဆိုးပါတယ်)။

## မရှိတာထက် မသိတာခက်

အဲဒါကြောင့် မရှိတာထက် မသိတာခက်ဆိုတဲ့ ဉစ္စာဖြင့် ဒေါ်ရွှေ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီ) မတူမပေါ်သေးဘူးလား (ပေါ်ပါပြီ) ပေါ်ကြပါတော့။

ဒါဖြင့် ဩော်. . . ဒို့ဖြင့် အရယူတော့မှပဲ၊ မဖြစ်ဘူးဟေ့-မဖြစ်ဘူးဟေ့၊ ဒီဉစ္စာသုံးထားတော့သိတဲ့အလုပ်ကလေး တစ်ခုကိုဖြင့် လုပ်လိုက်မှပဲ၊ ဒါမှသာလျှင် ဒုက္ခပိုင်းခြား၍ သိပြီ ဆိုမှဖြင့်၊ ဥပမာမှာ သရက်သီးတစ်လုံးခွဲလိုက်တယ်၊ ဒေါ်အုန်းခင်ရ၊ ဟိုဘက်ကလည်းပိုးနဲ့၊ ဒီဘက်ကလည်း အပုပ်ဘယ်ဟာ ကြိုက်သလဲ (ဘယ်ဟာမှမကြိုက်ပါဘုရား)။

အဲ ဒုက္ခပိုင်းခြားဆိုတာ ဖြစ်တာလည်း ဒုက္ခဒီဘက်က ပိုးနဲ့ (မှန်ပါ့) ဟိုဘက်ကအပုပ်၊ အဲဒီနှစ်ခုစလုံး မကြိုက်မှ (မှန်ပါ့)။

အဖြစ်နဲ့အပျက်နှစ်ခုစလုံး မကြိုက်လို့ရှိရင်ဖြင့် ဒကာ ဒကာမတွေလိုရင်းဆိုက်ပြီ သဘောပါကြပလား (ပါပါပြီ) သဘောပါပြီနော် (မှန်ပါ့ဘုရား)။

သရက်သီးတစ်လုံး ခွဲလိုက်မယ် တစ်ဖက်က ပိုးနဲ့ တစ်ဖက်က အပုပ်၊ ဘယ်ဟာစားကြမလဲ (ဘယ်ဟာမှ မစားချင်ပါဘုရား)။

ဘာကြောင့်တုံး (အပုပ်နဲ့ပိုးပါလို့ပါ) အဲဒီအတိုင်းပါပဲ ဒကာဒကာမတို့ ခင်ဗျားတို့ သန္တာန်မှာ ဖြစ်ဆိုတဲ့ စိတ်ကလေး ဟာလဲ ပိုးပါတာပဲ၊ ပျက်ဆိုတဲ့ ဥစ္စာလည်း အပုပ်၊ ဘယ်ဟာမှ မျိုစရာ ဝါးစရာ မပါဘူး၊ ပါသေးသလား (မပါပါဘုရား)။

အဲဒီ ခင်ဗျားတို့ စုတိစိတ်ကလေးနဲ့ လူဖြစ်တယ်၊ အင်း ဒီအပုပ်ကလေးကနေ ပိုးစားလေးပါလာတော့၊ လူသေ တယ်ဆိုတာ ချက်ချင်းလိုက်လာတယ်၊ ဟုတ်ဘူးလား (ဟုတ်ပါတယ်)။

လူဖြစ်တယ်ဆိုရင် လူသေကပါလာတယ်၊ အဲဒီတော့ အဖြစ်ကြိုက်တဲ့ ပုဂ္ဂိုလ်က ပိုးစားကြိုက်တယ်။ အပျက်ကြိုက် တဲ့ပုဂ္ဂိုလ်က အပုပ်ကြိုက်တယ်။ ဒါဖြင့် ဒီလူမှာ မျက်လုံး မပါဘူး၊ မသိသေးဘူး။ မသိသေးဘူး ဒီလူ (တင်ပါ)။

ဒကာသိုက်ရေ ဥပမာလေး သဘောကျပြီလား (ကျ ပါပြီ) ကဲဒါဖြင့် သရက်သီးနှစ်ခြမ်းခွဲပြီး ဒကာဒကာမတို့က

တစ်ဖက်က ပိုးနဲ့တစ်ဖက်က အပုပ်၊ ဘယ်ဟာကို ကျချင်သတုံး (ဘယ်ဟာမှ မကျချင်ပါဘုရား)။

ဒါဖြင့် နတ်ပြည်ရောက်တော့ မွေးတာသည်ကားဆိုရင် ပိုးကိုက်သေတာသည်ကားဆိုရင် အပုပ်။ ဒါဖြင့် ဖြစ်ပျက်ရှိတာပဲ၊ ဟုတ်ဘူးလား၊ မွေး၊ သေပဲရှိတယ်၊ ဘယ်ဟာကြိုက်သလဲ (ဘယ်ဟာမှ မကြိုက်ပါ)။

## ဘုရားကျင့်တဲ့တရား ဒို့ရပြီ

အဲဒါဒုက္ခပိုင်းခြားသိတာ၊ ဩော်. . . ဖြစ်တာလည်း မကောင်းဘူးဟ၊ ပျက်တာကော (မကောင်းပါဘုရား)။ အေးဖြစ်တာလည်း မကောင်း၊ ပျက်တာလည်း မကောင်း သိတာမှ ဒုက္ခပိုင်းခြားလာတာကိုး (မှန်ပါ့)။ ဘုရားကျင့်တာ ဒါပဲ၊ သဘောပါကြပလား (ပါပါပြီ)။

ဘုရားကျင့်တာ၊ ဘုရားကျင့်တာ၊ ဒကာဒကာမတွေ နည်းနည်းနောနော ပါရမီရှိတဲ့လူတွေ ရတဲ့တရားမဟုတ်ဘူး။ ဘုရားကိုယ်တော်တိုင် ကျင့်တဲ့တရားမို့လို့ ခင်ဗျားတို့ကို ဘုန်းကြီးကပေးနေတာ၊ သဘောကျပလား (ကျပါပြီ)။

အဲဒီတော့ ဘုရားကိုယ်တော်တိုင်ကျင့်တဲ့ တရားကို ဒို့ရခဲ့တယ်ဆိုတဲ့ ပါရမီ၊ သမ္ဘာရ အဆောက်အအုံ ခင်ဗျားတို့ ကံထူး၊ ဘုန်းထူးတွေဆိုတာ မသေချာသေးဘူးလား (သေချာပါတယ်)။

ဘုရားကျင့်တဲ့အကျင့်ရတာ ဒါသံယုတ်ပါဠိတော်မှာ ဒီအတိုင်းလာတယ်၊ **ဒုက္ခသ ပရိညာတံ ဘဂဝတိ ဗြဟ္မစရိယံဝုဿတိ၊**

ဒုက္ခဿ-ဒုက္ခသစ္စာကို၊ ပရိညာတံ-ပိုင်းခြား၍ သိခြင်းငှာ၊ ဗြဟ္မစရိယံ-မြတ်သောအကျင့်ကို၊ ဝုဿတိ-ကျင့်သုံး၏။ ဘဂဝတိ-မြတ်စွာဘုရားသည်၊ ဝုဿတိ-ကျင့်သုံး၏။

ဒုက္ခပိုင်းခြားတဲ့အကျင့်သာ သူကျင့်တယ်တဲ့ ဒီပြင်အကျင့် ကျင့်ကိုမကျင့်ဘူး (မကျင့်ပါဘုရား)။

## ပန်းတစ်ပွင့်နှင့်နတ်ပြည်ရောက်နိုင်ပါတယ်

ခင်ဗျားတို့ဟာ နတ်ပြည်ရောက်ချင်ရင်၊ ပန်းတစ်ပွင့်နဲ့ ဆုတောင်းလည်း ရပါတယ်။

ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခကတော့ဖြင့် လွယ်တာပေါ့၊ ကဲ ဒေါ် ရွှေမလွယ်ဘူးလား၊ (လွယ်ပါတယ်) ခဏသဘောမျိုးနဲ့ သွားပြီးသကာလ တောင်းယူလိုက်၊ ဒီဆွမ်းတော်ပွဲပန်းတော် ပွဲ လှူရတဲ့အကျိုးကြောင့် နတ်ပြည်အကြိမ်ကြိမ် ခံစားရပါလို၏ဆိုတော့ ဖြစ်ဒုက္ခ ပျက်ဒုက္ခကတော့ ရလွယ်တာပေါ့ဗျ (မှန်ပါ့ဘုရား)။

တစ်ဖက်ကပိုးကိုက်၊ တစ်ဖက်က အပုပ်ဆိုတော့ ဘယ်နှယ့်နေသလဲ (ရလွယ်ပါတယ်ဘုရား) ခင်ဗျားတို့က

လည်း ဒီပိုးကိုက်နဲ့ အပုပ်မှမသိတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဟိုဈေးသယ်က ပေါပေါပေးလိုက်တာပေါ့ (မှန်ပ့ါ) ဟုတ်လား ဆစ်ဈေးနဲ့တည့်မယ် အဲဒါကျတော့ (မှန်ပ့ါ) ရိပ်မိပလား (ရိပ်မိပါပြီ)။

## ဆစ်တဲ့ဈေးနဲ့တည့်တာ

ဆစ်တဲ့ဈေးနဲ့တည့်မယ်တဲ့ နတ်ပြည်တို့ ဗြဟ္မာပြည်တို့ ခင်ဗျားတို့ ဆုတောင်းယူလို့ရှိရင် ခင်ဗျားတို့ ပန်းကလေးနဲ့လည်း တည့်တာပဲ၊ ဆွမ်းတော်ပွဲကလေးနဲ့ဆစ်တော့ (တည့်ပါတယ်) ဖယောင်းတိုင်တစ်တိုင်နဲ့ဆစ်တော့ (တည့်ပါတယ်ဘုရား)။

ဒါအပေါ်ကိုဗျ၊ ရိပ်မိပလား (ရိပ်မိပါပြီ)

ခင်ဗျားတို့အကြွင်းအကျန်တွေကျတော့ အိမ်ထားလည်း ပုပ်တော့မှာပဲ တော်ကြာ ကူလီတောင်ငှားပြီး သွန်ရမှာဆိုတော့ အို . . ပေးချင်သလောက်ပေးခဲ့ဆိုတော့ ရတာပေါ့ ရိပ်မိပလား (ရိပ်မိပါပြီ) နဂိုကတောင် ရှင်းပစ်ရဦးမှာ (မှန်ပ့ါ)။

အဲဒါကြောင့် ဒကာဒကာမတို့ အသေဆုတောင်းတာကတော့ ရလွယ်တာပေါ့ ဟုတ်လား၊ အပုပ်နဲ့ပိုးကိုက်ဆုတောင်းတာကတော့ ရလွယ်ပါတယ်။

အပုပ်နဲ့ပိုးကိုက်လွတ်အောင် အပုပ်ပိုးကိုက်မရှိတဲ့ နေရာရောက်အောင်ကျတော့ ဒေါ်အုန်းခင်မလွယ်ဘူး. . . (မလွယ်ပါဘုရား)။

အပုပ်၊ ပိုးကိုက်မရှိအောင်လုပ်ဦးမှ နေရာကျမယ်၊ ရှင်းကြပလား. . . (ရှင်းပါပြီ) ဒါဖြင့် နတ်ပြည်လွယ်တယ်၊ ဗြဟ္မာပြည်လွယ်တယ်ဆိုတာ မောင်ချစ်ဆွေ ရိပ်မိပလား. . (ရိပ်မိပါပြီ)။

## ဘာကြောင့်ရလွယ်တာတုံး

ဘာကြောင့်ရလွယ်တာတုံး. . . (အပုပ်နဲ့ပိုးကိုက်မို့ လို့ပါ) အပုပ်နဲ့ပိုးကိုက်ကိုး၊ အပုပ်နဲ့ပိုးကိုက်ဆိုတော့ ခင်ဗျား တို့က ဈေးသည်လုပ်လာတဲ့လူတွေ အထူးပြောဖို့ မလိုပါဘူး (မလိုပါဘူးဘုရား)။

ဒီကုန်မျိုးဆိုလို့ရှိရင်ဖြင့် ကိုယ်ဆစ်တာကတောင် များနေသေးတယ် ကိုယ်ပေးချင်တာကစောနေတယ်၊ ရိပ်မိ ပလား (ရိပ်မိပါပြီ) ဘာကြောင့်လဲဆိုလို့ရှိရင် အလကား နေရင်းကို ကူလီစရိတ်ကုန်ပြီး၊ ချောင်းထဲသွားသွန်ရဦးမှာ (တင်ပါဘုရား) အမှိုက်ကျင်းထဲသွားသွန်ရဦးမှာ ဒီကုန်မျိုး ဖြစ်နေတယ် ရိပ်မိပလား (ရိပ်မိပါပြီ)။

ဖြစ်ပြီးသေတာကိုးဗျ၊ ဖြစ်ပြီးသေ၊ ဖြစ်ပြီးသေ

ဆိုတော့ ဒကာစိန်ရေ အပုပ်၊ ပိုးကိုက်တွေဆိုတာ သဘောကျ ပလား (ကျပါပြီ)။

ကိုင်း-အခုသိသားနဲ့ လျှော့ဈေးနဲ့ ထပ်ဝယ်နေတယ် (တင်ပ့ါဘုရား) ကဲ. . . မလှရင်တို့ တယ်မဆိုးဘူးလား (ဆိုးပါတယ်ဘုရား)။ ဆိုးတယ်နော်၊ ရိပ်မိကြပလား (ရိပ်မိပါပြီ)။ ကဲဒါဖြင့် ခင်ဗျားတို့ လူပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ဆိုတာ ဒကာသိုက်ရ ကျုပ်တို့ အိမ်လေးတစ်အိမ်စီနေတာ ဟုတ်ဘူးလား (ဟုတ်ပါတယ်)။

ပန်းတစ်ပွင့်နဲ့ တောင်းရပါတယ်ဆိုတော့ ခင်ဗျားတို့လည်း နာဘူးသားပဲ၊ အို ပန်းတစ်ပွင့်နဲ့ဆို မပြန်တော့ဘူးဟုတ်ဘူးလား (မှန်ပ့ါ) မပြန်သာ မပြန်တာ ဘာဖြစ်နေသတုံး အိုသေနဲ့ နေလိုက်တာ (တင်ပ့ါ) ကောင်းသေးရဲ့လား (မကောင်းပါဘူးဘုရား)။

ရောဂါမျိုးစုံနဲ့ကော (နေရပါတယ်) နေရပါတယ်ဆိုတော့ ဒေါ်အုန်းခင်ရချင်သေးသလား. . . (မရချင်ပါဘုရား) ဒါမှရချင်လို့ရှိရင်ဖြင့် ခင်ဗျားတို့ခက်သေးတယ် ခက်သေးတယ်တဲ့ ဒါလောက်ဆရာကောင်းသမားကောင်းတွေ့တာတောင်မှ အရှူးမပျောက်သေး၊ မျက်လုံးမပွင့်သေးဆိုတဲ့ အဓိပ္ပါယ်ရောက်တယ်။

မရောက်သေးဘူးလား. . . (ရောက်ပါတယ်ဘုရား)

အဲဒါကြောင့် ဒကာဒကာမတို့ ကဲဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အဲဒီဒုက္ခပိုင်းခြား၍သိခြင်းငှာ ငါဘုရားကျင့်တယ်လို့ဖြေကြ။ (တင်ပ့ါ) တိတ္ထိတွေကမေးခဲ့ရင် (မှန်ပ့ါ)။

တိတ္ထိတွေကမေးခဲ့ရင် ဒီအတိုင်းဖြေဆိုတာ ကျေနပ်ကြပလား။ (ကျေနပ်ပါတယ်ဘုရား) ဒီထက်သူတို့ကဆက်မေးဦးမယ်ကွတဲ့၊ တိတ္ထိတွေက ဘယ်တင်း ဘယ်ဟာ ဟာဒုက္ခလဲ? ဘယ်လိုပိုင်းခြားရမှာလဲလို့ ဆက်လာဦးမှာ အမေးက ရပ်မှာမဟုတ်ဘူးတဲ့ (မှန်ပ့ါ)။

## ဘယ်ဟာဒုက္ခလဲ

ကဲ-ဒကာစိန်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီလောက်ထိအောင် အရေးတကြီး ပြောလာတယ် ဘယ်ဟာဒုက္ခလဲ? ဘယ်လိုပိုင်းခြားပြီးသိအောင် လုပ်ရမှာလဲ? ဆိုပြီး သူတို့က ဆက်မေးရင် မင်းတို့ဘယ်နှယ်လုပ်မလဲတဲ့။ ဘုရားက ဒသင်ရပြန်တယ်၊ အဲဒီတော့. . ။

**ယမ္ပိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခံ မသုခံဝါ**

**တမ္ပိ ပရိညာယ ဗြဟ္မစရိယံ ဝုဿတိ**

ဒီလိုဖြေကြကွတဲ့ ဝေဒနာသုံးပါးရှိတယ်ကွတဲ့ အဲဒီဝေဒနာသုံးပါး သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာပေါ့လေ။

ဒကာဒကာမတို့ သန္တာန် သုံးပါးထက်ပိုရှိသေးရဲ့လား (မရှိပါဘုရား) သူ့နေရာနဲ့သူမို့လို့သာ ဝေဒနာဟာ များနေတာကိုး (မှန်ပါ့)။ ချုံး ခေါ် လိုက်တော့ သုံးပါးပဲ ရှိတော့တယ်။

အဲဒီသုံးပါးကိုတဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်ကားလို့ ဆိုလို့ရှိရင် ပိုင်းခြားပြီး သကာလ သိစေချင်လို့ အဲဒီသုံးပါးက ဒုက္ခသစ္စာ အဲဒီသုံးပါးမှာလည်း အဖြစ်နဲ့အပျက်ကို နှစ်ခုပိုင်းခြားပြီး ဖြစ်တာလည်း ဒုက္ခပဲ ပျက်တာလည်း ဒုက္ခပဲ ပိုင်းခြားပြီး သကာလ သိဖို့ရန်အလို့ငှာ ကျင့်တယ်လို့ မင်းတို့ဖြေကြ။ (မှန်လှပါဘုရား)။

သဘောပါလား (ပါပါတယ်) သဘောသိပ်ပါတယ် မောင်မြင့်တို့သဘောမပါဘူးလား (ပါပါတယ်)။

ပထမ ဝေဒနာသည် ဒုက္ခသစ္စာဖြစ်အောင်လုပ်တဲ့နောက်မှပိုင်းခြား (မှန်လှပါ) သဘောကျပလား (ကျပါပြီ)။

ဝေဒနာပေါ် လာလို့ရှိရင် ဒီဝေဒနာကလေးတွေဟာ ဒကာဒကာမတွေ ဒုက္ခသစ္စာလို့သာမှတ်လိုက်။ ပြီးတော့မှ ဝေဒနာလေးတွေဟာ အဖြစ်နဲ့အပျက်နှစ်ခုကို ဝေဖန်လိုက် (မှန်ပါ)။

## ဘယ်လိုပိုင်းခြားပြီး သိရမှာလဲ

အင်း. . . အဖြစ်ကလည်း ပိုးကိုက်၊ အပျက်ကလည်း

အပုပ် ဆိုပြီးသကာလ ဖြစ်ပျက်နှစ်ခုစလုံး ဘယ်ဟာမှ မကောင်း ပါလားလို့ ပိုင်းခြားပြီးသာ ကျင့်လိုက်ကြပါ။

အဲဒီလို ဒို့ဘုရားကျင့်နေတဲ့ဉစ္စာဟာ ဝေဒနာဟာ ဒုက္ခသစ္စာ၊ အဲဒီဒုက္ခသစ္စာကိုမှ တစ်ခါ ဒေါ်အုန်းခင်က အဖြစ်နဲ့အပျက် ဝေဖန်ဦး၊ ဟုတ်ပလား။ အဖြစ်နဲ့အပျက် ဝေဖန်ပြီး ပိုင်းခြားလိုက်ပါဦးတဲ့။

အဲဒီလို ဒုက္ခသစ္စာလည်းသိ ပိုင်းခြားတဲ့ ဉာဏ်လည်း ရှိစေခြင်းအကျိုးငှာ ဒို့ဘုရားကျင့်တယ်လို့ အဲဒီလို အကျယ် တဝင့် ဖြေလိုက် (မှန်လှပါဘုရား)။

## သိပ်အဖိုးတန်တဲ့တရားတွေရတော့မယ်

တယ်လဲသဘောပါပါလား (ပါပါတယ်ဘုရား) အင်မတန် သဘောပါတယ်ဟေ့၊ ဒီတရား သိပ်အဖိုးတန် တယ် ဒကာဒကာမတွေ ဒါကြောင့် ဒီတရားတွေရတော့မယ် ဒီတရားကိုရတော့မယ် ခင်ဗျားတို့အားထုတ်တတ်ရင်ရပြီ။

အားထုတ်တတ်နေကြတော့ ဩော်. . . ဒါဖြင့် ဒုက္ခ သစ္စာလည်းသိ ပိုင်းခြားလို့လည်းသိ၊ ဒီနှစ်သိရှိရင် ဒို့ဖြင့် ကိစ္စ ပြီးတော့မှာပဲ (မှန်ပါ့)။

သံသရာ အိုလမ်း၊ နာလမ်း၊ သေလမ်းဟူသရွေ့သည် ဒို့သွားဖို့လမ်း မဟုတ်တော့ဘူး၊ ဟုတ်လား (မှန်ပါ့)။

## တို့ဒယ်အိုးတစ်လုံးမှမရှိဘူး

ငရဲပြည် အိုးပေါင်း သိန်း၊ သန်း၊ ကုဋေချီပြီး ရှိငြားသော်လည်း ဒို့အိုးတစ်လုံးမှမရှိဘူး၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

နတ်ပြည်မှာ မသာတွေအများကြီးရှိငြားသော်လည်း အဲဒီမသာထဲ ဒို့မပါဘူး (တင်ပါဘုရား)။

ဗြဟ္မာပြည်မှာ မသာဖြစ်မည့် ရုပ်ကလာပ်တွေ အများကြီးမရှိဘူးလား (ရှိပါတယ်ဘုရား) အဲဒီမသာတွေတောထဲ ဒို့မပါဘူး (တင်ပါဘုရား)။

ဒီဒုက္ခသစ္စာကိုသိ၊ ဒုတိယပိုင်းခြားသိ အဲဒီအသိနှစ်ခုသာ ဘုန်းကြီးတို့ဒကာဒကာမတွေ ရမည်ဆိုရင်ဖြင့် ဘယ်သူဟိုမှာဘာဖြစ်တယ်ဆိုရင်ဖြင့် ကိုယ်ကသံဝေဂ ရရုံပဲ (တင်ပါ့ဘုရား) သူ့အတွက်ကတော့ ဘာမှမဖြစ်ဘူး ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## အဖိုးတန်တာမြင်လို့ ဘုန်းကြီးတိုက်တွန်းတာ

အဲဒီလောက် အဖိုးတန်တာမြင်လို့ ဒကာဒကာမတွေကို ဘုန်းကြီးတိုက်တွန်းတာ၊ ဂရုစိုက်စမ်းပါ ဘုန်းကြီးက မေတ္တာရှေ့ထားပြီး ပြောနေရသေးတယ် (မှန်ပါ)

ခင်ဗျားတို့က မရမနေဘူးဘုရား လုပ်လိုက်ဖို့တယ်

ကောင်း (မှန်ပါ့)။ ဟုတ်ပလား မရမနေဘူး ဘုရားလို့ လုပ်လိုက်ဖို့ သိပ်ကောင်းတယ် မရီတို့ တစ်ခါတည်း ကြိုးစားဖို့မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။

အေးဒါခင်ဗျားတို့က အိမ်အရေးလေး၊ ရပ်ရေးလေး၊ သားအရေးလေး၊ သမီးအရေးလေး၊ စီးပွားရေးလေး၊ အကြောင်းညီညွတ်ရေးလေးတွေနဲ့ ခင်ဗျားတို့က ဆင်ခြေများလဲနေလို့ရှိရင်ဖြင့် ဒီတစ်ခါအကြောင်းမညီညွတ်ရင် ငါးပါးကြီးမှောက်တယ်၊ မမှောက်ပေဘူးလား. . . (မှောက်ပါတယ်)။

## ဒီဘဝအကြောင်း မညီညွတ်ရင်

ဒီဘဝအကြောင်း ညီညွတ်ရင် ညီညွတ်၊ မညီညွတ်လို့ရှိရင် ခင်ဗျားတို့ တစ်သံသရာလုံးမှောက်မယ်၊ ရိပ်မိကြပလား (ရိပ်မိပါပြီ) အဲဒါလောက် ကြောက်စရာကောင်းနေလို့အင်း. . . အထူးသတိပေးမှပဲ၊ ဘုရားကျင့်တဲ့အကျင့်ကို ဒီနေ့တော့ ပြောမှပဲ. . . (မှန်လှပါဘုရား)။

ဒီဒကာဒကာမတွေဖြင့် ဒီအတိုင်းပဲ၊ ယောင်ပေ၊ ယောင်ပေနဲ့နေလို့ရှိရင်ဖြင့် အိုတာဟူသရွေ့ ငါ့ဟာ အိုတာဟူသ၍. . (ငါ့ဟာ) ပူစရာဟူသရွေ့ (ငါ့ဟာ) ဆွေးစရာဟူသရွေ့ (ငါ့ဟာ)ငရဲဟူသရွေ့ (ငါ့ဟာ)။

အို. . . ခင်ဗျားတို့ ပစ္စည်းကလည်း ပေါလှ ချည်းလား (ပေါပါတယ်ဘုရား)။ ပေါတာတွေဟူသရွေ့ဟာ အကောင်း တစ်ခုပါသလား. . . (မပါပါဘုရား) အဲဒီ မကောင်းဟူသရွေ့ ငါ့ဟာချည့်ဖြစ်နေမှာစိုးလို့ ဟောနေတာ (မှန်ပါ့ဘုရား)။

ဘယ်အကျိုးငှာ ဟောတာတုံးဗျ. . . (မကောင်း ဟူသ၍ ငါ့ဟာချည်းဖြစ်မှာစိုးလို့ပါဘုရား) အဲဒါ မကောင်း ဟူသ၍ ငါ့ဟာချည်ဖြစ်မှာစိုးလို့ ဟောနေတာဆိုတော့၊ ဒုက္ခ ပိုင်းခြား၍သိတဲ့ ပုဂ္ဂိုလ်ကတော့ မကောင်းဟူသရွေ့ကို မယူတော့ဘူး (မှန်ပါ့)။

## ဝေဒနာသုံးမျိုး၊ ဒုက္ခသစ္စာလို့မှတ်ပါ။

ဘာကြောင့်တုံး၊ ဒုက္ခသိသွားပြီ။ သိသွားတော့ မကောင်းဟူသရွေ့ ယူသေးရဲ့လား. . . (မယူပါဘုရား) အေး-ဒါ့ကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက

**ယမ္ပိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခံမသုခံဝါဝေဒနာ**

ဝေဒနာသုံးမျိုးရှိတယ်ကွာတဲ့၊ အဲဒါဒုက္ခသစ္စာလို့ မှတ်လိုက်ပေ့ (မှန်ပါ့) အဲဒီအထဲကမှ ဉာဏ်တိုးပြီး သကာလ၊ ဖြစ်တာလည်းဒုက္ခ၊ ပျက်တာလည်း ဒုက္ခလို့ မင်းတို့ပိုင်းခြား လိုက် (မှန်လှပါဘုရား) အဲဒီလို ငါဘုရားကျင့်တယ်လို့ ဘယ်သူက မေးမေးဖြေလိုက်။

ဆိုတော့ ယနေ့ည်ဟောတဲ့တရားဟာ ဘယ်သူကျင့်တဲ့တရားလည်း (ဘုရားသခင်ကိုယ်တော်တိုင် ကျင့်တဲ့တရားပါ) ဘုရားကျင့်တဲ့တရား။

ဘုရားဟာ ဒကာဒကာမတို့ ဘုရားသည်ကား ဆိုလို့ရှိရင် ဒကာဒကာမတို့ သေသေချာချာမှတ်ပါ။ သတ္တဝါ ဟူသရွေ့ကို သူသာချွတ်လိုက်ရလို့ရှိရင် မကျွတ်တဲ့ ပုဂ္ဂိုလ် ရှာလို့ကို မတွေ့ဘူး (မှန်ပါ့)။

အဲဒီတော့သူ့မှာ အမှန်ကို သိထားတဲ့တရား၊ အမှန် ပင် ပျောက်စေတတ်တဲ့ဆေးနည်းရှိလို့သာလျှင် သူကုရင် လက်တန်း ပျောက်တယ်ဆိုတာ သဘောကျပလား (ကျပါပြီ)

ဒီမှာလည်း သူသာဆေးအကောင်းဆုံးပဲ (မှန်ပါ့) အကောင်းဆုံးဆေး ပေးတာပဲ။

## ဘုရားကျင့်တဲ့တရားတော်

ဒီနေ့ညနာရတဲ့ ဒကာဒကာမတွေမှာ အင်မတန် အဖိုးတန်ပါတယ်။ (တင်ပါ့ဘုရား) အင်မတန်အဖိုးတန်တယ် တဲ့ ဘယ်လိုအဖိုးတန်သလဲလို့ မေးတဲ့အခါကျတော့ ဘုရားက သူကိုယ်သူ တိတ္ထိတွေကမေးလို့ရှိရင် သူ့တပည့် ရဟန်းတွေ ဒီလိုဖြေကြဆိုတဲ့ဥစ္စာ၊ သူကျင့်တဲ့တရားကိုပင် သူထုတ်ဖော် ပြောတဲ့အခါကိုးကွ (မှန်လှပါ)။

ကဲ-ယနေ့ညဟောတဲ့တရားဟာ သူကျင့်တဲ့တရား သူထုတ်ဖော်ပြောကဲ့တရားပဲ (မှန်ပါ့)။

ကဲ-ဘုရားကျင့်တဲ့တရားဖြင့် ဘုရားသွားတဲ့လမ်း ရောက်မှာလား မရောက်ဘူးလား (ရောက်မှာပါဘုရား) ဘုရားသွားတာ မအို၊ မသေ၊ တည်မြဲနေတဲ့ နိဗ္ဗာန်၊ သောကခပ်သိမ်း ကင်းငြိမ်းတဲ့နိဗ္ဗာန်၊ ခန္ဓာရဲ့ ကိလေသာ အပူမီးတိ အလောင်မီးတိတွေ ငြိမ်းသတ်ရာနေရာ (မှန်ပါ့) ဘယ်လောက်ကောင်းသလဲ။

အဲဒီသွားရမည့်ပုဂ္ဂိုလ်တွေ ဖြစ်နေသောကြောင့် ဩော်-ဒို့ဖြင့် ဝဋ်ကျွတ်တရားရပြီဟ။ ဝဋ်ကျွတ်တရားရပြီဟ ဒို့အတွက်ဖြင့် နောက်အိုခြင်းဆိုး၊ နာခြင်းဆိုး၊ သေခြင်းဆိုး တွေ ဒို့ဘယ်တော့မှ မကြုံရဘူး။

မျက်ရည်ကြီးငယ်ကျတဲ့အလုပ်ကို ဒို့မရှိတော့ဘူး၊ အပါယ်ငရဲတွေ သူတို့ဟာသူတို့ ဘာဘုံကြီး ပေါက်နေနေ ဒို့နဲ့မဆိုင်တော့ဘူး။

## ဘုရားကိုယ်တိုင် အကောင်းဆုံးထားတဲ့တရား

အဲဒါကြောင့် ဒကာဒကာမတို့ ခင်ဗျားတို့ အင်မတန် ကောင်းတဲ့တရားကို ယနေ့ပေးနေတယ် ဒေါ်ဆင့် (မှန်ပါ့ဘုရား) အင်မတန်ကောင်းတဲ့တရားဆိုတော့ သာမည

ကောင်းတဲ့ တရားလား ဆိုလို့ရှိရင်ဖြင့် ကျုပ်တို့၏ အရေးရှိရင် ဘုရား၊ ဘုရား၊ တ,နေတဲ့ ကိုယ်တော် မြတ်ကြီးကိုယ်တိုင် အကောင်းဆုံးထားတဲ့တရား (မှန်ပါ့)။

အဲဒီတရားပေးနေတာ (မှန်လှပါဘုရား) မောင်ချစ်ဆွေ ရိပ်မိပလား (ရိပ်မိပါပြီ) ဒကာသိုက်တို့ ဒီနေ့ ဘယ်လောက်အဖိုးတန်သလဲ (တန်ပါတယ်ဘုရား)။

ကဲဒါဖြင့်-ဘယ်လိုလုပ်ကြမလဲဆိုတော့ ပထမ ဝေဒနာသိအောင်လုပ်တဲ့ ပထမဝေဒနာသိအောင်လုပ်လိုက် လို့ရှိရင် မင်းတို့ဝေဒနာဟာ ဘာတုံးလို့ မေးနေစရာမလိုဘူး တဲ့ (မှန်ပါ့)။

## ဝေဒနာတွေ့ရင် ဒုက္ခတွေ့ပြီ

ဝေဒနာရှိပါတယ်ဆိုတဲ့ဥစ္စာ၊ ဘာမေးနေစရာ လိုသတုံးလို့ ခင်ဗျားတို့ဖြေသလိုပေါ့ (မှန်ပါ့) ဒုက္ခရောက် နေတာပေါ့။

ဝေဒနာတွေ့တဲ့ဒကာဒကာမဟာ ဒုက္ခတွေ့ပြီ သဘောကျပလား (ကျပါပြီ) ကဲဒါဖြင့် ဝေဒနာကို တွေ့ အောင် ရှာနိုင်တဲ့ ဒကာဒကာမဟာ ဘာဖြစ်သလဲ. . . (ဒုက္ခ တွေ့ပါပြီဘုရား)။

အဲ. . ဒုက္ခတွေ့ပြီတဲ့၊ ဒုက္ခသစ္စာသိပြီ (မှန်ပါ့)

ၿငင်းဝေဒနာကို ဒကာဒကာမတွေ သူ့နေရာနဲ့သူ့နေရာ ခင်ဗျားတို့ မတွေ့ရသေးဘူးလား (တွေ့ရပါတယ်)

ဒါကြောင့် မျက်လုံး ဘာပေါ်သလဲ (ဥပေက္ခာဝေဒနာ ပါ) နားမှာ (ဥပေက္ခာဝေဒနာပါ) နှာခေါင်းမှာ (ဥပေက္ခာ ဝေဒနာပါ) လျှာမှာ (ဥပေက္ခာဝေဒနာပါ) ကိုယ်ပေါ်မှာ (သုခ တစ်ခါ၊ ဒုက္ခတစ်ခါပါဘုရား) အေးသုခတစ်ခါ ဒုက္ခတစ်ခါ လှည့်ပေါ်တယ်ပေါ့၊ ဝမ်းထဲကျတော့ (သုခ၊ ဒုက္ခ၊ ဥပေက္ခာပါ ဘုရား)။

ဒါတွေဟာ ဒကာဒကာမတို့ ခင်ဗျားတို့ ဝေဒနာ သည်မှ ဟုတ်ကြရဲ့လား (ဟုတ်ပါတယ်ဘုရား) ဝေဒနာသည် ဟုတ်ပါတယ်ဆိုတော့၊ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဝေဒနာဘယ်တော့မှ မကင်းပါဘူးဘုရားလို့ မဖြေနိုင် သေးဘူးလား၊ (ဖြေနိုင်ပါတယ်ဘုရား)။

ဖြေနိုင်တော့၊ ဝေဒနာမကင်းရင် မင်းလောက်ကြီးတဲ့ ဒုက္ခရှိသေးသလား. . . (မရှိပါဘူးဘုရား) ဟော. . . ဒကာသိုက် ပေါ်လာပြီ၊ ဝေဒနာမကင်းမှန်းသိမှ၊ ဒုက္ခဆိုတာ ပေါ်လာပြီ (မှန်ပါ့)။

**ဘယ်အချိန်နေကောင်းသတုံး**

ဒါကြောင့် ဝေဒနာ၊ ဒကာစိန်ရေ၊ ရိပ်မိပလား၊

(ရိပ်မိပါပြီ) ဝေဒနာမကောင်းမှန်းသိတော့ ဘာပေါ်လာသလဲ (ဒုက္ခပေါ်လာပါတယ်) ဒုက္ခပေါ်လာတယ်။

ဒကာစိန်ရေ. . ဘယ်အချိန် နေကောင်းသတုံး မေးတော့ ဘယ်နှယ်ဖြေမလဲ. . . (ဘယ်အချိန်မှ မကောင်းပါဘုရား) ဘယ်အချိန်မှ နေမကောင်းဘူး၊ နည်းနည်းလေး ကောင်းတဲ့အခါကျတော့ သူတို့ဘယ်လိုပြောသလဲ တစ်နေ့ရွှေ့ တစ်နေ့ငွေပဲ (မှန်ပါ့ဘုရား) ဒီလိုပြောပြန်တယ်။

အခုတော့ဖြင့် ဝေဒနာတွေအကြောင်း ကောင်းကောင်းသိတဲ့အခါ မျက်လုံးမှာပေါ်တဲ့ဝေဒနာကလည်း ဖြစ်ပြီးပျက်ရတော့ သူလည်း အသေပေါ်လာတာ ဖြစ်လေသောကြောင့် သူလည်း နေရာမကျဘူး. . . (မကျပါဘုရား)။

နားမှာပေါ်တာလည်း ဖြစ်ပျက်မို့ (နေရာမကျပါ) နေရာမကျဘူး၊ ပေါ်တာတွေကော (နေရာမကျပါဘုရား) ဝမ်းထဲပေါ်တာတွေကော (နေရာမကျပါဘုရား) အင်း. . ဒီဝေဒနာတွေဟာ ဘယ်ဝေဒနာသည် ဒကာဒကာမတို့အား၊ အဖိုး တန်တဲ့ အဖြစ်လို့ ဆုံးဖြတ်ချက်ချမလဲ (မချပါဘုရား)။

အဖိုးတန်တယ်ဆိုတော့ အဖိုးတန်တယ်လို့ပြောခါ ရှိသေးတယ်၊ မရှိဘူး (မရှိပါဘုရား) ဒီဝေဒနာကလေးကို ကြိုက်တယ်ပြောခါရှိသေးတယ် သူကမရှိတော့ဘူး။

အဲဒါကြောင့် ဒကာဒကာမတို့ ခင်ဗျားတို့ သန္တာန်ရှိတဲ့ ဝေဒနာတွေဟာ လာတိုင်းသာကြည့်ပါတော့တဲ့ ဝေဒနာတွေဟာ ဘာတုံးဆိုလို့ရှိရင်ဖြင့် ဇာတိနဲ့ မရဏာပဲ (မှန်ပါ့) (ဝါ) အဖြစ်နဲ့ အပျက်ပဲ။

ဒါမွေးသေတာပဲ မဟုတ်ဘူးလား (ဟုတ်ပါတယ်) မွေးတာကဘာဖြစ်ဖို့ မွေးတာတုံး (သေမလို့ပါဘုရား) သေမလို့ မွေးတဲ့အခါကျတော့ သေသွားတာကကော ကြာရဲ့လား (မကြာပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သန္တာန်ပေါ်တဲ့ ဝေဒနာကလေးတွေဟာ အင်းအသက်တိုလိုက်တဲ့ဖြစ်ခြင်း၊ ပြောစရာမရှိအောင်တိုသောကြောင့် နှစ်ခုစလုံး ဒုက္ခသစ္စာ ဖြစ်ရမယ် (မှန်ပါ့) ဟုတ်ဘူးလား (တင်ပါ့)။

အင်း. . . ခန္ဓာကိုယ်ထဲပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ ပေါ်လာလိုက် ပျောက်သွားလိုက်ဆိုတော့ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာလေးတွေဆိုတာ ကျေနပ်ကြပလား. . . (ကျေနပ်ပါပြီ)။

**ဝေဒနာလို့မမှတ်နဲ့ ဒုက္ခသစ္စာ**

ဒါကြောင့် ဘယ်ဝေဒနာပေါ်လာ ပေါ်လာ၊ ဒကာဒကာမတို့ ဝေဒနာလို့မမှတ်ပါနဲ့ ဖြစ်ပျက်ဒုက္ခသစ္စာလို့မှတ်လိုက် (တင်ပါ့)။

အခုတော့ဖြင့် မြင်တယ်ဆိုလို့ရှိရင်လည်း အင်း. . . မြင်တာလေးဟာဖြစ်ပြီးပျက်တယ်။ ဟုတ်လား ဖြစ်ပြီးပျက်တဲ့ ဒုက္ခသစ္စာလေးပဲ ဒီလိုရှုပေးလိုက်ပါ။ ဝေဒနာက ဖြစ်ပျက် ဒုက္ခသစ္စာ ရှုတဲ့ဉာဏ်က မဂ္ဂသစ္စာ။

အဲဒီကဲ့သို့ မဂ္ဂသစ္စာလာတဲ့အခါ ခင်ဗျားတို့သည်တဲ့ နှစ်သက်တဲ့ ပုဂ္ဂိုလ်မှ ဒုက္ခရမှာကိုး၊ မင်္ဂရတဲ့ ပုဂ္ဂိုလ်က ဒုက္ခ ရဖို့ရှိသေးသလား (မရှိတော့ပါဘုရား)။

အေး-မင်္ဂဆိုသည်ကားလို့ဆိုလို့ရှိရင် ဒုက္ခကို ဖြတ်နိုင်တဲ့တရား ဒုက္ခဖြစ်ကြောင်း သမုဒယ သစ္စာဖြတ်နိုင်တဲ့ တရား ဖြစ်လေသောကြောင့် ဒုက္ခဖြတ်တဲ့တရား ဖြစ်လေသောကြောင့် ခင်ဗျားတို့ ဒုက္ခရဖို့ရှိသေးသလား. . . (မရှိပါဘုရား)

ဒါဖြင့် ဝေဒနာပေါ် လို့ရှိရင် နှစ်သက်တဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခနှစ်သက်တာ၊ ဝေဒနာမနှစ်သက်တဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခမှ လွတ်တာ (မှန်ပါ့) ဝေဒနာနှစ်သက်တဲ့ ပုဂ္ဂိုလ်သည် ဘာနှစ်သက်တာတုံး (ဒုက္ခနှစ်သက်တာပါဘုရား) ဝေဒနာမနှစ်သက်တဲ့ ပုဂ္ဂိုလ်သည်. . . (ဒုက္ခမနှစ်သက်တာပါ) ဒုက္ခမနှစ်သက်တာပဲ (တင်ပါ့) ဒါပဲ ပြောလိုက်တာ ရိပ်မိပလား (ရိပ်မိပါပြီ)။

## ရှုတဲ့ဉာဏ်ကမဂ္ဂသစ္စာ

အဲတော့ ဒကာဒကာမတို့ ဝေဒနာလေး မျက်လုံးမှာ ပေါ်လာတယ် ဘာလုပ်ရမှာလဲ. . . (ဖြစ်ပျက်ရှုရပါမယ်) ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာ (ဒုက္ခသစ္စာ) ရှုတဲ့ဉာဏ်က (မဂ္ဂသစ္စာပါ) ကဲ. . . နှစ်သက်သေးရဲ့လား (မနှစ်သက်ပါဘူးရား) မနှစ်သက်တော့ တဏှာက ဘယ်နှယ်နေသလဲ. . (သေပါတယ်) တဏှာသေနေပြီ ဒကာစိန် (တင်ပါ့)။

တဏှာသေပြီဆိုကတည်းက ကျုပ်တို့သည် တဏှာအလိုလို သေတာလား ဖြစ်ပျက်ရှုတဲ့ဝေဒနာကြောင့် သေတာလား (ဖြစ်ပျက်ရှုတဲ့ ဝေဒနာကြောင့် သေတာပါ)။ ဒီတဏှာသေကတည်းက ကျုပ်တို့သည် တဏှာရေထဲနောက်ထပ် မျောစရာရှိသေးရဲ့လား (မရှိပါဘုရား) မျောမှ မမျောတဲ့ပုဂ္ဂိုလ်ဟာ အားကိုးရှာစရာရော (မလိုတော့ပါဘူး) အင်း. . ဒါဖြင့်လည်း မျောလည်း မမျောအားကိုးလည်း မရှာရလို့ ပိစရာကော ရှိသေးရဲ့လား. . (မရှိပါဘုရား) ဒါဖြင့် မျောစရာ မြုပ်စရာဇာတ်သိမ်းတာဖြင့် ဝေဒနာရှုမှုရမယ် (မှန်လှပါဘုရား)။

## ရှင်သာရိပုတ္တရာနှင့် ပုဏ္ဏားအို

ဘုရားလက်ထက်က ပုဏ္ဏားအိုကြီးတစ်ယောက်ဟာ

"ရှင်သာရိပုတ္တရာကြွလာပြီဆိုရင် ပုန်းပုန်းနေလေ့ရှိတယ်၊ ဒီလိုချည်းပဲ (မှန်ပါ့) လောင်းစရာမရှိလို့ ပုန်းရရှာတာကိုး (တင်ပါ့)။

တစ်နေ့သ၌ကျတော့ ဒီပုဏ္ဏားကြီးက ပုဏ္ဏားတို့ မင်္ဂလာပွဲသွားတဲ့အခါကျတော့ နွားနို့ဆွမ်းတစ်ခွက်ရတယ်၊ ဒီနေ့တော့ မျှော်နေတယ် (တင်ပါ့) ငါ့သားကြီး ရှင်သာရိပုတ္တရာ ကြွလာရင်တော့ဖြင့် အဆင်သင့်ပဲ စိတ်ကလေးက လည်း သဒ္ဓါကပါပါနဲ့ နေရာကျလိုက်တာ (မှန်ပါ့)။

ဒီပုဏ္ဏားကြီးတောင့်တ,တာ ဟိုက အဘိညာဉ်နဲ့ နားထောင်တော့ သိတယ်၊ ရှင်သာရိပုတ္တရာကသိတယ်။

အင်းဒီနေ့ဖြင့် ပုဏ္ဏားကြီးကဖြင့် ပစ္စည်းလည်းရှိပြီ၊ အလှူခံလည်း မျှော်နေတယ်ဆိုပြီး ကိုယ်တော်ကြီးက သွားရှာ တယ်။

ကိုင်းသွားပြီး၊ ဆွမ်းရပ်တဲ့အခါကျတော့၊ သူက ကြွပါဦးဘုရား၊ ဒီနေ့မပုန်းတော့ဘူးပေါ့ဗျာ၊ လောင်းစရာ ကလေးက ရှိတယ်၊ အဲဒါနဲ့ပဲ တစ်ခါတည်းအိမ်ထဲပင့်ပြီး သကာလ ဆွမ်းကပ်တယ်။

နွားနို့ဆွမ်းကလေးကပ်ပြီးလှူတာပေါ့ဗျာ၊ နွားနို့ဆွမ်း ကလေးလှူပြီးသကာလ သူသည်ကားလို့ဆိုရင်ဖြင့် နိဗ္ဗာန် မင် ဖိုလ်ဆုတောင်းလိုက်ရှာတာပေါ့ဗျာ (တင်ပါ့)။

## တရားချီးမြှင့်တယ်

အေး-ဒကာကြီး အဲတော့ အခုငါလှူတာ ဘာတုံး အာဟာရခေါ်တယ်၊ အာဟာရဆိုတာ ဒါဘုဉ်းပေးရင် ဘာပေါ်မလဲ ဝေဒနာပေါ်မယ်၊ အဲဒီဆွမ်းစားရင်ကော ဘာပေါ်မလဲ ဝေဒနာပေါ်မယ်။

အဲဒီဝေဒနာကလေးဟာ ဒုက္ခသစ္စာလို့မင်းဖြစ်ပျက် ကလေးရှုရှု၊ ရှုရှုပြီးလှူကွဆိုပြီး၊ တရားဓမ္မတွေဟောပြီး သကာလ ကြွသွားတယ်။ ကိုယ်တော်ကြီး ကြွသွားတယ်၊ သူ ဂတိသေချာလောက်ပြီဆိုပြီး ကြွသွားတယ်။

မဂ်ဖိုလ်တော့မရနိုင်ဘူးဆိုတာလည်း သိတယ် (တင်ပါ့)။

ဒါနဲ့ ခုနစ်ရက်တန်သည်ဆယ်ရက်တန်သည်နေပြီး ၃တေစိတ်ကျသွားတော့ ရှင်သာရိပုတ္တရာ၏ ဆွမ်းခံအိမ်မှ ၁ငို့သန္ဓေနေတာကိုး (တင်ပါ့)။

## ရှင်သာရိပုတ္တရာ၏ဆွမ်းခံအိမ်မှာမွေးဖွားတယ်

အဲဒါနဲ့သွားပြီး ပဋိသန္ဓေနေတော့ ရှင်သာရိပုတ္တရာ ၈ အဲဒီအိမ်မှာဆွမ်းခံနေတော့ ဒီကလေးလေးကလည်း ၀ယ်လစေ့တော့ မွေးဖွားလာတဲ့အခါကျတော့ ရှင်သာရိပုတ္တ ၇မြင်ရင် အင်မတန်ခင်တာကိုး (တင်ပါ့)။

ခင်တာပေါ့ဗျာ၊ သူ့ကြောင့် ဒီကလေးလေးဖြစ်တာ
သူ့ဋ္ဌေးအိမ်သွားဖြစ်တာ ဒါနဲ့ရှင်သာရိပုတ္တရာက ဒီကလေ
လေး အိမ်ရောက်ရင် ဒီကလေးလေးက ငယ်ငယ်လေးရှိသေ
တယ် သူခြုံထားတာကလေးတွေ လက်ကလေးနဲ့ထိုး၊ ရှင်
သာရိပုတ္တရာမြင်အောင်ပြနေတာသူက (မှန်ပါ့)။

## သဒ္ဒါတရား ထက်သန်တယ်

သူ့အပေါ်ခြုံထားတဲ့အဝတ်ကလေးတွေကို သူက
လက်ညှိုးထိုးနေတာသူက (မှန်ပါ့) ဒါလေးကိုယ်လေးနဲ့လှူမ့်ပြီ
ဟိုယူသွား၊ အင်း. . . သူ့သားက တယ်သဒ္ဒါတရားကောင်
ပါလား အမေမိဘကပေါ့လေ (တင်ပါ့)။

သူဋ္ဌေးသားလေးလည်း ဖြစ်ပြန်တစ်ဦးထဲလည်
ဖြစ်ပြန်၊ လိမ်လိမ်မာမာလည်းဖြစ်ပြန်တော့၊ အရှင်ဘုရာ
တပည့်က၊ ဒါကို လှူချင်တာဘုရား၊ ဒါလေး အလှူခံသွား
ဦး၊ အစရှိသည်ဖြင့် ဒီလိုပဲ ကိုယ်တော်ကြီးကလည်း ပူးပေါ
နေတယ်။

နောက်စကားလေးဘာလေးပြောတတ်တယ်၊ 
ရောက်တဲ့အချိန်ကစပြီးသကာလ ဆွေတွေမျိုးတွေလည်
ရောဂါဘယအနေနဲ့ နှာတောင်မစေးကြဘူး၊ (တင်ပ
ချမ်းသာကြတယ်။

ဒါနဲ့သူ့ကိုဘယ့်နှယ်နာမည်ပေးရမတုံးလို့၊ ရှင်သာရိ ပုတ္တရာကိုနာမည်တောင်းကြတယ် (တင်ပ့ါ) အေးလေ၊ ပေး နေစရာမလိုပါဘူး သူ့နာမည်သူယူလာတာပဲ။

## သုခလို့အမည်ပေးတယ်

သူလာကတည်းက မင်းတို့အိမ်က ဆွေရောမျိုးရော ပစ္စည်းရော ချမ်းသာတာပဲ သုခမှည့်လိုက်။ ဟုတ်ပလား (တင်ပ့ါ)။ သုခမှည့်လိုက်။ သူရောက်ကတည်းက အကုန် ချမ်းသာကြတာပဲ သုခလို့မှည့်လိုက်လို့ ကိုယ်တော်ကြီးက နာမည်ပေးတာ။

ကိုင်း-သူပုခက်ထဲနေလည်း လှူချင်တန်းချင်တဲ့စိတ် ကပေါ်နေတယ်။ နောက်စကားကလေးပြောတတ်လာတဲ့ အခါ ကျတော့မှ သူသက်န်းဝတ်ချင်တယ်ဆိုတာ ဖြစ်လာ တယ်။

သက်န်းဝတ်ချင်တယ်ဖြစ်လာတယ်။ ဟဲ့သုခရဲ့ မင်းက ခုနစ် နှစ်၊ ဘာမှမကြီးသေးဘူးကွ၊ သက်န်းဝတ်ချင် တာကဆိုတော့ အဲဒီအချိန်ကျတော့ တိုတိုပြောကြပါစို့ ဆိုတော့ ခုနစ် နှစ်ရှိပြီ။

## သုခ–သာမဏေ

ခုနစ် နှစ်ရှိလာတော့ သင်္ကန်းဝတ်ချင်ပြီ မင်းဟာ တစ်နပ်တည်းစားရလိမ့်မယ်ကွ၊ တစ်နေရာတည်း နေရလိမ့်မယ်၊ အချိုအချဉ်ဆိုတာ ဒို့ဘုန်းကြီးမှာ သူများပေးတာ စားရတာ၊ အချိုရှိရင်၊ အချဉ်ရှိချင်မှရှိတယ်။

မင်းကသူဌေးသားကွ၊ အဲဒီတော့ မခက်ဘူးလား မင်းချင့်ချိန်ဦး၊ ဟာ. . နေနိုင်ပါတယ်ဘုရား၊ နေနိုင်ပါတယ်ဘုရား။ တပည့်တော် ခုနစ် နှစ်ရှိငြားသော်လည်း သူများ နေသလို နေနိုင်ပါတယ်။

အင်းမင်းဝတ်ချင်ဝတ်တာပေါ့ကွာဆိုတော့ မအေ မိဘကလည်း အလိုလိုက်တဲ့သားကလေးဖြစ်နေတော့ သင်္ကန်းဝတ်ချင်တယ်ဆိုတော့ လိုက်ပို့ပေးရတာပေါ့ဗျာ။

လိုက်ပို့ပေးပြီးသကာလ မနက်ကျတော့ သူ့ဆွေတွေ မျိုးတွေကလည်း ခုနစ်ရက်တိတိ ဆွမ်းပွဲ ကွမ်းပွဲတွေနဲ့ ရှင်ပြုပေးကြတယ် နောက်တစ်နေ့ သူဆွမ်းခံလိုက်တာပဲ။

## သပိတ်လွယ်ပြီးနောက်ကလိုက်တယ်

ဆွမ်းခံလိုက်တဲ့အခါကျတော့ ရှင်သာရိပုတ္တရာကြီး နောက်က သပိတ်ကလေးလွယ်ပြီး သကာလ လိုက်တယ်။ လွယ်ပြီးလိုက်တဲ့အခါကျတော့ ရှင်သာရိပုတ္တရာကလည်း တောလမ်းကနေပြီးမှ မြို့ထဲဝင်မှာကိုး (တင်ပ့ါ)။

တောလမ်းကနေပြီး မြို့ထဲဝင်တဲ့အခါ တောလမ်းမှာ တောင်သူလယ်သမားတစ်ယောက်က ရေမြောင်းလေးတွေ တူးတယ် (မှန်ပါ့)။

ရေမြောင်းကလေးတွေတူးပြီးသကာလနေတယ်။ ရေမြောင်းက သူ့လယ်ဆီကို ရေသွယ်လာတာပေါ့ဗျာ တခြားမှ ရှိတဲ့ရေကို ရေမြောင်းကတဆင့် ဒေါ်အုန်းခင် သွယ်လာတယ် (သွယ်ပါတယ်ဘုရား)။

ဒါနဲ့ သူကမေးတယ် အရှင်ဘုရား ဘာလုပ်တာလည်း ပြောစမ်းပါ ကလေးကို သူက (မှန်ပါ့) ကွာ ဒီဥစ္စာ သူ့လယ်ကို ရေသွင်းတာကွ မြောင်းလေးပေါက်ပြီးသကာလ ရေလိုက်လာအောင် လုပ်တယ်။

## မေးစမ်းပါရစေ၊ ရေမှာအသက်ရှိသလား

ဒါဖြင့် မေးစမ်းပရစေဦးဘုရား၊ ရေမှာ အသက်ရှိသလား ? မရှိဘူးကွ ရေမှာအသက်မရှိဘူး အဲတော့ အသက်မရှိတဲ့ရေကို လူပြုပြင်လို့ရတာပဲကိုး (မှန်ပါ့) ဉာဏ်တွေထွက်လာပြီကော ရိပ်မိပလား (ရိပ်မိပါပြီ)။

အသက်မရှိတာလည်း လူပြုပြင်ရတာပဲ ဘုရားလို့ သူက မှတ်တယ် (မှန်ပါ့) အသက်မရှိတာတောင် လူပြုပြင်ရ လူဆွဲလိုရာလိုက်တယ် သူကမှတ်တယ်။

ဟိုအနားရောက်ပြန်တဲ့အခါကျတော့ ခုနက မုဆိုး တစ်ယောက်က မြားတံကလေးတွေ သပ်နေတယ် ဝါး ကလေးတွေ ကောက်တာနဲ့ ဖြောင့်အောင်ပေါ့ဗျာ၊ ထမင်းရေ လေးနဲ့ နေပူကလေးတွေ လှမ်းပြီးသကာလ ဖြောင့်အောင် လုပ်နေတယ်။

ပြောစမ်းပါဦး ဒီလူကြီးက ဘာလုပ်နေသလဲ နေပူ ကြီးထဲမှာ လုပ်နေတာ။

## ဝါးမှာအသက်ရှိသလား

အဲဒါ ဝါးကောက်လို့ မြားတံကို လုပ်နေတာ ဖြောင့် အောင်လို့ကွ ဖြောင့်အောင် ဒါဖြင့် ပြောစမ်းပါဦးဘုရား အသက်ရှိသလား။

မရှိဘူးကွ၊ ဝါးဘယ်အသက်ရှိမလဲ။

ဟာ အသက်မရှိတာလည်း ဖြောင့်လို့ရတယ်နော်။ သူကနည်းယူနေတာ ခင်ဗျားတို့ ဒီလိုကို လာကိုမလာဘူး (မလာပါ ဘုရား)။

ခင်ဗျားတို့က ကောက်တဲ့အယူပဲ ယူနေတာ ရိပ်မိ ပလား (ရိပ်မိပါပြီ) ဖြောင့်ဖို့ဟာကိုး မပါဘူး အဲနောက်ဆုံး မှာ ကောက်မယ် ဒီအယူမှားနဲ့ တော်ကြပ့်ါမလား (မတော်ပါ ဘုရား) မတော်ဘူး မတော်ဘူး ဒကာဒကာမတွေ စောင်း

ပြောနေတယ် ရိပ်မိပလား (ရိပ်မိပါတယ်) ဒကာမတွေ စောင်းပြောနေတာ။

ဒါနဲ့ ရှေ့နားသွားတဲ့အခါကျတော့ ရှေးကတော့ လှည်းဘီးကြီးတွေကိုဗျ၊ လှည်းဘီးဆိုတာ အပိတ်ကြီးတွေ အပိတ်ကြီးတွေဆိုတော့ အသားတွေကို ကွေ့ကောက်ပြီး သကာလ အဝိုင်းဖြစ်အောင် လုပ်ရတာ။

အသားအရှည်ကြီးတွေကို အဝိုင်းဖြစ်အောင် လုပ်ရတယ် ဒါနဲ့ ရှင်သာရိပုတ္တရာကို မေးတယ်။

အရှင်ဘုရား ဒီလူကြီးက ဘာလုပ်ပြန်သလဲ?

## သစ်သား အသက်ရှိသလား

အိုး. . . အသားတွေက နဂိုက အရှည်ကြီးတွေကွ အဲဒါ အဝိုင်းဖြစ်အောင် လုပ်ရတာ (မှန်ပဲ့) အသားအသက် ပါသလား? မပါဘူးကွ၊ လူပြုပြင်လို့ လူပြုပြင်လို့ ဝိုင်းရရှာတာ။

ဩော်-အသက်မပါလည်း လူ့နောက်လိုက်ရတာပဲ။

ဒါဖြင့် အရှင်ဘုရား တပည့်တော်လည်း တပည့်တော်က စိတ်ရှိတဲ့သတ္တဝါဆိုတော့ သာ လွယ်တာပေါ့ ဘုရား၊ အသက်မရှိတဲ့ သတ္တဝါတောင် ခိုင်းလို့စေလို့ ဖြစ်သေးတာပဲ။

အသက်ရှိတဲ့ တပည့်တော်တို့လိုဟာကျတော့ ကိုယ့်စိတ်ကို ကိုယ့်သမာဓိက ထိန်းပြီး ဒီနေရာနေဆိုနေမှာပေါ့ဘုရား (မှန်ပါ့) နည်းရပြီ (ရပါပြီဘုရား)။

ကိုရင်လေးက မည့်ဘူး (မှန်ပါ့) ဒေါ်အုန်းခင်ကြီးတို့လည်း အစိုးမရတာ အားငယ်မနေနဲ့ဦး၊ ရိပ်မိပလား (ရိပ်မိပါပြီ) ဒေါ်သန်းရေ ကိုရင်လေး ကြံပုံစည်ပုံကော သဘောကျပလား (ကျပါပြီ)။

## စိတ်ထွက်မပြေးအောင်ထိန်းပါ

အဲတော့ ခင်ဗျားတို့ စိတ်ထွက်ပြေးတယ် ဆိုလို့ရှိရင်အေး . . . ခုနက ရေမြောင်းတောင် ကိုယ်အလိုရှိတဲ့ဆီရောက်သေးတာ မင်းစိတ် မင်းသမာဓိလေးတွေကို ထိန်းမထားနိုင်ဘူးလား မင်းပညာ မင်းသမာဓိကလေးနဲ့ ထိန်းမထားနိုင်ဘူးလား (ထားနိုင်ပါတယ်ဘုရား)။

ဒီဖြစ်ပျက်ပေါ်ပဲ ပို့ရမှာ ဟုတ်တယ် မုတ်လား (တင်ပါ့) လိုရာကို သူ့ပို့ရတာပဲ မဖြစ်နိုင်ပေဘူးလား . . (ဖြစ်နိုင်ပါတယ်) ဖြစ်နိုင်ရင် အသက်မရှိတဲ့ သစ်တုံးကောဒေါ်အုန်းခင်ကြီး ဘယ့်နှယ်နေသလဲ . . . လိုရာရတယ်၊ လိုရာ ရတယ် ခင်ဗျားတို့ ကျင့်ရင်ကော လိုရာရတယ်။

သမာဓိဆွဲရာကို ပညာကလိုက်ပြီဆိုမှဖြင့် မောင်ထွန်းလှိုင် ပူစရာလိုသေးလား . . . (မလိုပါဘုရား)။

အဲဒါ၊ သူ့စိတ်ကိုလည်း ဒီလိုထားမယ်ဘုရား၊ ဆိုပြီး သကာလ အရှင်ဘုရား ဟောဒီတပည့်တော် သပိတ်ကလေး ကိုလည်း တပည့်တော် ပြန်ယူမသွားတော့ဘူး၊ အရှင်ဘုရား ပဲ ယူသွားပါတော့။

## ကျောင်းပြန်ပြီးအားထုတ်တယ်

ကိုရင်ကလေးက ကလေးပဲ ဘာမှသိတာမှမဟုတ်ပဲ၊ အေး . . . ထားပစ်ခဲ့ကွာ၊ ကိုင်း . . . တပည့်တော်အတွက် လည်း ဘုရား နွားနို့ဆွမ်းကလေးရအောင် ခံခဲ့စမ်းပါဦး ဘုရား ဆိုပြီးသကာလ တစ်ခါတည်း ကျောင်းပြန်တယ်။

ကျောင်းရောက်တော့ ကျောင်းခန်းထဲဝင်ပြီး သကာ လ သူ့စိတ်ကို၊ ခုနစ်နှစ်သားရှိသေးတယ်နော် . . . ၊ သူ့စိတ် ကို တစ်ခါတည်း ဝေဒနာဖြစ်ပျက်ပေါ်ထားတယ်၊ ထားလိုက် ကွ၊ ဆွမ်းခံသွားတုံးကိုထား။

## အိမ်တိုင်းက နွားနို့ဆွမ်းလောင်းတယ်

ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကဖြင့် ဆွမ်းခံ သွားပြီး သူမှာလိုက်တဲ့အတိုင်း ဟိုအိမ်ကလည်း နွားနို့ဆွမ်း လောင်း၊ ဒီအိမ်ကလည်း နွားနို့ဆွမ်းလောင်း၊ နွားနို့ဆွမ်းက၊ သူနဂိုကပြုလာတဲ့ ဒါနကိုး (မှန်ပ့)။

သူမှာလိုက်တာတွေ အကုန်ရလာတာပဲ အဲဒီကဲ့သို့ ကိုရင်ကလေး ကြိုးစားခဲ့တာ ညံ့တာမဟုတ်ဘူး။

ဒါနဲ့ ကိုရင်ကလေးက တရားအားထုတ်တော့၊ သိကြားကလည်း မနေသာဘူး ဗန္ဓုကမ္ဗလာတင်းလာတယ်။ ဒါဘာပြုလို့ တင်းပါလိမ့်၊ အို . . . သုခသာမဏေ တရားအားထုတ်နေတယ် ငါသွားရမယ်။

တောထဲ ဒီဇေတဝန်ကျောင်းတော်မှာရှိတဲ့ ငှက်တွေ အသံတွေကြားနေတယ်၊ ငါအကုန်သွားနှင်ပေးရမယ် နတ်မင်းကြီးလေးယောက် လိုက်ခဲ့ကွ၊ အကုန်ရှင်းလင်းပေးရလိမ့်မယ်ဟေ့။

## လူမင်းဘုန်းကြီး၊ နတ်မင်းမနေသာ

ကိုရင်လေးအတွက် ဒို့ရွက်ဆောင်ရလိမ့်မယ်၊ လူမင်းဘုန်းကြီးတော့ နတ်မင်းမနေသာဆိုတာ အဲဒါကလာတာ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

သူက ဘုန်းကြီးတာကို န္တားနို့ဆွမ်းကလေး တစ်ခွက် အဲဒါက ကျေးဇူးပြုတာပါ (မှန်ပါ့)။

သိကြားမင်းကလည်း လာစောင့်၊ နတ်မင်းကြီးလေးယောက်ကလည်း လာစောင့်၊ ဒါတင်မကသေးဘူးတဲ့၊ ဘုရားကလည်းမနေသာဖြစ်နေတယ်။

ဘုရားကလည်း မနေသာဘူး၊ ကိုရင်ကလေး ကြည့်လိုက်တယ် ကိုရင်ကလေးက သူ့သမာဓိနဲ့သူ စိတ်ကိုသူ့ပညာကော ဝေဒနာဖြစ်ပျက်ပေါ်ထားနေပြီ၊ အခုသောတာပန်လည်း တည်နေပြီ။ ခဏပဲ (မှန်ပါ့ဘုရား)။

သောတာပန်တည်နေပြီ၊ ဖြစ်ပျက်မြင်တော့ဗျာ ဖြစ်ပျက်က ဒုက္ခသစ္စာဆိုတော့ သမာဓိပညာက မဂ္ဂသစ္စာဖြစ်နေတော့ သောတာပန်လည်း တည်နေပြီ မလျှော့ဘူးကိုရင် က (မှန်ပါ့)။

## ဆွမ်းမစားခင် ရဟန္တာဖြစ်မယ်

မလျှော့ဘူးကိုရင်က၊ ဒီစိတ်ဒီအတိုင်းထားတုန်းပဲ ဖြစ်ပျက်လာတိုင်း လာတိုင်း၊ ဝေဒနာပေါ်တိုင်း ပေါ်တိုင်းသာ သိုက်ပြီးသကာလ ငါရှုနေမယ် ဆိုပြီးသကာလ ရှုနေတော့ ကိုးနာရီလောက်ရှိတော့ အနာဂါမ်တည်တယ်။

အင်း-ကြည့်လိုက်တယ် သူဒီနေ့ ရဟန္တာဖြစ်မှာလား ဆွမ်းမစားခင်ဖြစ်မှာလား မဖြစ်ဘူးလားလို့ ဘုရားကကြည့်လိုက်တယ် ဆွမ်းမစားခင်ဖြစ်ရမယ်။

ဆွမ်းမစားခင် ဖြစ်တာက ကိစ္စမရှိဘူး ရှင်သာရိပုတ္တရာက သူသိတာမဟုတ်ဘူး ဟိုမှာလည်း နွားနို့ဆွမ်းတွေ ယူပြီး ကိုရင်လေးဆွမ်းစားတော့မယ်ဆိုပြီး အမြန်ပြေးပြီး

တံခါးခေါက်လိုက်လို့ရှိရင် ကိုရင်လေးက တံခါးဖွင့်ပေးလိမ့်မယ်၊ ဖွင့်ရင် ရဟန္တာဖြစ်တော့မှာမဟုတ်ဘူး။

ငါလည်း ကမြောက်ကခြောက် သွားလုပ်ဦးမှပဲ၊ ဘုရားတောင် သွားလုပ်ရတယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ) ကိုယ့်ဟာ ကိုယ်လည်း လုပ်ကြည့်ကြဦးဗျ၊ အကုန်အကူအညီ ရမယ် ခင်ဗျားတို့။

အခုတော့လုပ်မယ်မကြံသေးဘူး ဖြစ်မထင်ပါဘူးက စောနေတယ် ဟုတ်ပလား . . . (ဟုတ်ပါတယ်) မစောကြပါနဲ့ လုပ်ကြည့်ရင် ဖြစ်ပါတယ်။ လုပ်ကြည့်ရင်ဖြစ်ပါတယ် ဒကာဒကာမတို့ လုပ်ကြည့်ရင် သေသေချာချာဖြစ်ပါတယ်။

ကဲ -ဒါဖြင့် ဒီကိုယ်ရင်ကလေးက ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း ရှင်သာရိပုတ္တရာကလည်း နွားနို့ဆွမ်းတွေ ယူလာတာပဲ သူလည်း ဝမ်းသာလာတယ် ကိုရင်လေးအတွက်။

ဘုန်းကြီးနဲ့ ကိုရင်လေးနဲ့ ဘယ်တူမလဲဗျ အကုန်ရတာပဲ အခုအချိန်ဖြင့် ကလေးလေးကလည်း ခုနစ် နှစ်ရှိသေးတယ် ဆယ်နာရီကလည်း ထိုးတော့မယ်။

## ဘုရားက ထွက်ပြီးတားထားတယ်

ဆွမ်းစာလှူရော့မယ်၊ သပိတ်ကြီးလွယ်ပြီး၊ အမြန်သုတ်လာတာပေါ့ကွာ၊ အမြန်သုတ်လာတော့ ဘုရားက ထွက်လာတာပေါ့ဗျ၊ ဘုရားက အပေါက်ကစောင့်နေပြီး၊ ဟေ့ သာရိပုတ္တရာ မင်းသပိတ်ထဲ ဘာတွေပါလာသလဲကွလို့ မေးလိုက်တယ်။

နွားနို့ဆွမ်းတွေ ပါတယ်။ နွားနို့ဆွမ်းဆိုတာ ဘာတုံးကွ? အာဟာရလို့ ခေါ်ပါတယ်ပေါ့။

ဒီအာဟာရက ဘာကို ရွက်ဆောင်သတုံး ? အာဟာရက ရုပ်ကို ကြီးပွားစေပါတယ်။ ရုပ်ကိုကြီးပွားစေတယ်။ ရုပ်ကို ကြီးပွားစေတဲ့အခါကျလို့ရှိရင်ဖြင့် အဲဒီရုပ် ဘာရုပ်ခေါ်သလဲ ? အာဟာရရုပ်လို့ ခေါ်ပါတယ်။

ဒါဖြင့် အာဟာရက အကြောင်းပေါ့ကွာ၊ ရုပ်က အကျိုးပေါ့ကွာ။ ဒီပြင်ဘာနဲ့ ဆိုင်သေးသလဲ ? ဖဿနဲ့လည်း ဆိုင်ပါသေးတယ်ဘုရား။

ဖဿကိုလည်း အာဟာရက ကြည့်ပါသေးတယ် ဘုရား။ ဒီဖဿကြည့်လိုက်တော့ ဘာဖြစ်သတုံးကွ?။

ဖဿပစ္စယာဝေဒနာဖြစ်ပါတယ်ဘုရား၊ စားတဲ့အခါ ကောင်းတယ်ဆိုးတယ်ဆိုတာ ပေါ်လာပါတယ်ဘုရား အင်းလျှာရှည်ပြီး လုပ်နေရတာ ဟိုကိုရင်လေး မပြီးမှာ စိုးတာနဲ့။

## ရှင်သာရိပုတ္တရာကလည်းသိတယ်

ကိုရင်လေးမပြီးမှာစိုးတာနဲ့ ဘုရားကပဟောနေရတာ ရှင်သာရိပုတ္တရာကလည်း သိပြီးသား၊ မွန်းတော့လွဲနေပြီ ဆွမ်းစားမှီတယ်။

ဒီလိုအမေးအဖြေလုပ်နေတာနဲ့ နေနတ်သားက လည်း ခက်နေတော့တယ်၊ ကိုရင်ကလေးကလည်း ရဟန္တာ မဖြစ်သေးတော့၊ နေနတ်သားကလည်း မွန်းလွဲသွားရင်လည်း ကိုရင်လေး ဆွမ်းစားရမှာ မဟုတ်ဘူး။

## နေနတ်သားက ရပ်နေတယ်

အဲတော့ နေနတ်သားကလည်း မသွားရဲဘူး၊ ရပ်နေ တယ်၊ မွန်းတည့်တဲ့အချိန်မှာရပ်နေတယ် နေနတ်သားက လည်း သူကလည်း ကူရတော့တာပေါ့ သူကလည်း မတတ် နိုင်တော့ဘူး မပြောမဆိုပဲ ကိုရင်ကလေး ဆွမ်းငတ်သွားလို့ ရှိရင် သူ့အပြစ်ရောက်ဦးမှာကိုး။

အဲတော့ နေနတ်သားကလည်း မွန်းတည့်ပြီး ရပ်နေ တာပဲ ရပ်နေတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဖဿက ဘာဆိုင်သတုံးကွ ဖဿပစ္စယာဝေဒနာပါဘုရား။

ဖဿချုပ်တော့ဘာဖြစ်သတုံးကွ၊ ဝေဒနာချုပ်တာ ပေါ့ဘုရား။ အဲတော့ အဲဒီကဲ့သို့ ကိုယ်တော်မြတ်ကြီးက

အမေးအဖြေလုပ်ပြီးသကာလ နေတယ်။ ဘုရားက တံခါးပေါက်ကနေပြီး ကြည့်လိုက်တယ်။

## ကိုရင်ကလေး ရဟန္တာဖြစ်ပြီ

ကိုရင်ကလေး ဘယ့်နှယ်ရဟန္တာဖြစ်ပလားလို့ အဘိညာဉ်နဲ့ ကြည့်လိုက်တယ်၊ ကြည့်လိုက်တော့ ကိုယ်ရင်ကလေးက ရဟန္တာဖြစ်နေပြီ။

ရဟန္တာဖြစ်တော့ (၁၂) နာရီလောက်ရှိပြီ (၁၂) နာရီလောက်ရှိပေမယ့် နေ့ကတော့ မွန်းတည့်ရှိသေးတယ် မသွားပဲနဲ့ ရပ်နေတယ်၊ ကိုရင်ကလေးဆွမ်းငတ်မှာစိုးလို့။

အဲဒီတင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကိုင်း သာရိပုတ္တရာ မင်းကိုရင်လေး ဆွမ်းဆာနေတော့မယ် ကွာ သွားကွာမြန်မြန် ဒီကျမှ တွန်းလွှတ်ရတယ်။

နို့မို့လို့ရှိရင် ထမင်းကျွေးစရာကလည်း ရှိလို့ စကားကကောင်းပေမဲ့ ပြာပြာသလဲလာမှာ ကိုရင်ကလေးက ခုနစ်နှစ်သာ ရှိသေးတယ်။ ဆွမ်းဆာလှရော့မယ်၊ ဒီအတိုင်းလာလို့ရှိရင် ငါ့မှာတာဝန်ဝတ္တရားက ရှိတယ်။ ငါပဲ အမိအဖဖြစ်နေတာဆိုပြီး တံခါးခေါက်လိုက်လို့ရှိရင် ကိုရင်ကလေးက အနာဂါမ်တည်ပြီး ထ,လာရမှာကိုး။

## ရဟန္တာဖြစ်ဖို့ကူညီကြရတာ

အဲဒါမြင်လို့ ဘုရားကဖင့်နေတာ။

သာရိပုတ္တရာကိုလည်း ဖင့်အောင်၊ ရဟန္တာလေးဖြစ်ဖို့ အရေးရှက်ဆောင်ရတယ် ဘုရားက လူကို ဂရုစိုက်တာမဟုတ်ဘူး ဓမ္မကို ဂရုစိုက်တာ၊ ရိပ်မိပလား (ရိပ်မိပါပြီ) ကိုရင်ကလေး ငယ်တယ်လို့ ကိုရင်ကလေး ဂရုစိုက်တာမဟုတ်ဘူး။

သူသည် အရဟတ္တမဂ် အထူးရမည့် အခြေအနေရှိနေသောကြောင့် ဒီဓမ္မကို အလေးအနက်ပြုပြီး တံခါးစောင့်လာလုပ်တာ။

သိကြားကလည်း တံခါးစောင့် နတ်မင်းကြီး လေးယောက်ကလည်း ငှက်တွေ ချောက်ကြ၊ ဘာသံမှ မကြားရဘူး။ နေနတ်သားကလည်း ထွက်ကိုမထွက်ရဲဘူး။

ကိုရင်ကလေး ဆွမ်းငတ်မှာစိုးတာနဲ့ မွန်းတည့်ပြီးစောင့်နေရတယ်။ ဒါနဲ့ ကိုရင်လေးလည်း ရဟန္တာဖြစ်ပြီးသကာလ တစ်ခါတည်း တံခါး ကပျာကယာဖွင့်လို့ ဆွမ်းပါတော့၊ ဘုဉ်းပေးလို့ပေါ့ဗျာ။

## ညနေ (၃) နာရီ ရှိနေပြီ

ဘုဉ်းပေးလည်းပြီးပါရော နေက ညနေ (၃) နာရီရောက်နေတယ်။ ရဟန်းတွေက လန့်ကုန်တာပေါ့ဗျာ။

ဘယ်နှယ် ကိုရင်လေး ဆွမ်းဘုဉ်းမပေးသေးလို့ ဆွမ်းဘုဉ်းပေးတာ အခုရှိသေးတယ် နေက ဟိုအနောက် ရောက်သွားပြန်ပြီဆိုတော့မှ (မှန်ပါ့ဘုရား)။

အဲဒီတွင် လောကကြီး ဘာဖြစ်သလဲ ဆူကြမှာပေါ့ လေ၊ ဘယ်နှယ်အခုဆွမ်းစားပြီးတယ်၊ နေက (၃) နာရီ တောင် ရောက်နေပြီ။

နေနတ်သားက အရောက်ပြေးရရှာတာကိုး၊ ဒီမှာ လည်း မွန်းတည့်ဖြစ်အောင် ဟိုလည်း အချိန်မှန် အနောက် ကျွန်းလည်း အရုဏ်တက်ဖြစ်အောင်ပေါ့ကွာ သူ့မှာ နှစ်ဖက် ရွက်ဆောင်ခဲ့ရတာ၊ အပြေးသွားရတာပေါ့ နေနတ်သားကို မနေရဘူး ရိပ်မိပလား (ရိပ်မိပါပြီ)။

ခင်ဗျားတို့အားထုတ်ကြည့်စမ်းပါ နေနတ်သားက ကူပါလိမ့်မယ် ဟုတ်လား နေနတ်သားက ကူမယ်တဲ့။

## တရားစောင့်တဲ့ပုဂ္ဂိုလ် တရားကပြန်စောင့်တယ်

တရားစောင့်တဲ့ ပုဂ္ဂိုလ် တရားက ပြန်စောင့်တယ်။ ဒေါ်သန်း ရိပ်မိပလား. . . ( ရိပ်မိပါပြီ) ဒေါ်အုန်းခင် တရား စောင့်ရင် (တရားက ပြန်စောင့်တယ်)။

အခုတော့ ခင်ဗျားတို့က တရား မစောင့်တော့ ဈေးတွေ တက်ကုန်တာပေါ့ဗျ၊ ရိပ်မိကြပြီ၊ ရိပ်မိကြပြီ၊ တရား မှ မစောင့်ကြပဲဗျ၊ ဈေးတက်ကုန်တာပေါ့။

ကိုင်း-ဒကာဒကာမတို့ တရားစောင့်လို့ရှိရင်တော့ အခုတရားကို မိမိက အားထုတ်လိုက်တော့ ဘုရားလည်း မနေသာပါလား (မှန်ပါ့)။ သိကြားမင်း စတုမဟာရာဇ် နတ်မင်းကြီးတွေကော (မနေသာပါဘုရား)။

နေနတ်သားတွေရော (မနေသာပါဘုရား) ရှင်သာရိ ပုတ္တရာကော (မနေသာပါဘုရား) မနေသာဘူး၊ အခုကြည့် ကိုရင်လေး နမူနာကြည့်နော် ဒကာဒကာမတို့ (မှန်လှပါ ဘုရား)။

## သမာဓိခိုင်းတဲ့ဆီ ပညာသွားရမယ်

အသက်မရှိတာတောင် ခိုင်းတဲ့ဆီ သွားရတယ်တဲ့၊ ဒီနေရာမှာ သမာဓိခိုင်းတဲ့ဆီ ပညာသွားရမယ် (မှန်လှပါ)။

အဲ ဒကာဒကာမတို့ နည်းယူဖို့နော်၊ သမာဓိခိုင်းတဲ့ ဆီ ဘယ်သူသွားရမလဲ (ပညာသွားရပါမယ်ဘုရား)။

ပညာသွားလို့ရှိရင် သမာဓိက ဝေဒနာပေါ်မှာထား။ အဲဒီဝေဒနာပေါ်မှာထားရင် ပညာက ဘယ်အပေါ်လိုက်ရ မလဲ (ဝေဒနာပေါ် လိုက်ရပါမယ်)။

ဝေဒနာပေါ်လိုက်တော့ ဝေဒနာဖြစ်ပျက် သူမမြင် ပေဘူးလား (မြင်ပါတယ်) အဲဒီရလာတော့ သူ့ကိုသာ ရောက်အောင်ပို့နိုင်လို့ရှိရင်ဖြင့် ဒုက္ခေဉာဏ် ဆိုတဲ့ မဂ္ဂသစ္စာ သေချာဖြစ်မယ်၊ သဘောကျပလား (ကျပါပြီ)။

## သိပ်ခဲခဲယဉ်းယဉ်းကြီး အောက်မေ့မနေနဲ့။

ဒုက္ခေဉာဏ်ဆိုတာ ခင်ဗျားတို့က သိပ်ပြီး ခဲခဲယဉ်းယဉ်းကြီး အောက်မေ့မနေပါနဲ့၊ သမာဓိတည်ကြည်လို့ ဝေဒနာဖြစ်ပျက်ပေါ် မှုအပေါ် မှာ ပညာ ဦးတည့်ထားလို့ရှိရင်ဖြင့် ဖြစ်ပြီးချုပ်သွားတာကလေးဟာ သြော် -ဒါ ဒုက္ခရောက်သွားတာပါလားလို့ ဉာဏ်ကဝေဖန်လာတယ် (တင်ပ့ါ) မဝေဖန်ပေဘူးလား . . . (ဝေဖန်ပါတယ်)။

အဲဒီကျလာလို့ရှိရင် ဒုက္ခေဉာဏ် ဖြစ်ပြီ။ ဒုက္ခေဉာဏ်လာလို့ရှိရင် ဒုက္ခသမုဒယေဉာဏ် ဆိုတဲ့ သစ္စာလေးချက်တစ်ပြိုင်နက်လာတာပဲ ဘာပူစရာရှိသလဲ (မရှိပါဘုရား)။

အဲတော့ ဒကာဒကာမတို့ ဒီကိုရင်ကလေးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ခုနစ်နှစ်သာရှိသေးတယ်ဆိုတော့ ဒေါ် အုန်းခင်ကြီးက (၇၀) ဆိုတော့ အတော်ကွာတယ်။ ကွာလို့ ဒီအတိုင်းသာဖြစ်နေတာပေ့ါ (ရယ်ကြသည်)။

## ကိုရင်ကလေးမှာ ဘာပါသတုံး

ဘယ်နှယ်လဲ ဒီကိုရင်ကလေးက ဘာပါလာသတုံးလို့မေးဖို့ခင်ဗျားတို့က လိုတယ် (မှန်ပ့ါ)။

ရှေးလူကြီးတွေ အပြောဆိုရင် ကိုရင်လေးက ပါရမီပါတယ်လို့ ပြောလိမ့်မယ် ရှေးလူကြီးပဲ ရှေးလူကြီးပဲ

ခင်ဗျားတို့ကလည်း ပါရမီပါတယ်လို့ ဆိုခဲ့လို့ရှိရင် ဘုန်းကြီးကပဲ အဖြေထုတ်ပါတယ်။

သူ့ပါရမီပါမပါ စဉ်းစားကြည့်လိုက်တော့ နွားနို့ဆွမ်းလောင်းတာပဲ ပါခဲ့တာပဲ ကဲ နွားနို့ဆွမ်းလောင်းတာပဲ ရှိတာပဲ။ အဲဒီတုန်းက ဝေဒနာကလေးကို ရှင်သာရိပုတ္တရာက အနက်နဲ့ပြောခဲ့တယ်။ သိပ်ပြီးအားထုတ်တာပါခဲ့ရဲ့လား (မပါခဲ့ပါဘူး)။

နောက် ခုနစ်ရက်ရှိတော့ ဒီပုဏ္ဏားကြီး မသေလားကွ (သေပါတယ်) အခုတော့ သုခသာမဏော ဖြစ်လာတာကိုး အဲတော့ ပါရမီများခဲ့သလား . . . (မများခဲ့ပါဘုရား) ပါရမီလို့ယူရင် ရမှာမဟုတ်တော့ဘူး။

အဲတော့ ခင်ဗျားတို့ တွေးလုံးဆိုတော့ ကိုရင်လေးက ထက်မှာပေ့ါ၊ ပါရမီရင့်လေးကို အဲ ပါရမီရင့်နဲ့သာ ကိုင်ပေါက်နေရင်တော့ ခင်ဗျားတို့ ပါရမီဖြည့်နေတာနဲ့ ရမှာမဟုတ်တော့ဘူး (မှန်ပ့ါ)။

## အခုလုပ်တာသည် ပါရမီ

ပါရမီဆိုတာ တစ်နေ့ကလည်း တစ်ခါပြောခဲ့ပြီ အခုလုပ်တာ ပါရမီ ရိပ်မိပလား (ရိပ်မိပါပြီ) အခုသွင်းတာသည် ပါရမီဖြည့်တာ အခုလုပ်တာ ဘယ်နှယ်ခေါ်ကြမယ် . . . (ပါရမီပါဘုရား)။

ဒီအတိုင်းပဲ လုပ်တဲ့ပုဂ္ဂိုလ်ဟူသရွေ့သည် ပါရမီရှိသည် ရိပ်မိပလား (ရိပ်မိပါပြီ) လုပ်တဲ့ပုဂ္ဂိုလ်ဟူသရွေ့သည် ဘာဆိုကြမယ် (ပါရမီရှိပါတယ်) ပါရမီရှိတာချည့်ပဲ။

အဲတော့ ပါရမီကို ခင်ဗျားတို့ ဘာမှမစဉ်းစားနဲ့ (မှန်ပါ့)။

ဒီဘဝ ဘုန်းကြီးနဲ့တွေ့တယ်ဆိုတော့ သစ္စာဟောတယ်၊ ခင်ဗျားတို့ ပါရမီမရှိရင် တွေ့ပါ့မလား . . . (မတွေ့ပါဘုရား) ဘာမှလွဲမှားစရာ မရှိဘူး။

တစ်ခါ ဘုန်းကြီးက သစ္စာကို ဟောနေတော့ ဒကာဒကာမတွေက နာချင်တဲ့စိတ်က ပေါ်လာတယ်၊ သူများထဲက ပေါ်လာတာလား ခင်ဗျားတို့သဒ္ဓါနဲ့ ခင်ဗျားတို့ပညာက တိုက်တွန်းတာလား (တပည့်တော်တို့ သဒ္ဓါနဲ့ ပညာက တိုက်တွန်းတာပါ)။

## ပါရမီစုံနေပြီ

ခင်ဗျားတို့ကလည်း ကပ်ကြီးတွေကျော်ပြီးတော့ စက်သေနတ်တွေ ဗုံးချနေတာတွေ မသေပဲ ဟောတဲ့ပုဂ္ဂိုလ်ကလည်း မသေခဲ့ဘူးဆိုတော့ ဒါ ပါရမီစုံနေပြီ (မှန်လှပါဘုရား)။

ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီဘဝကြိုးစားလိုက်

လို့ရှိရင် ကိစ္စပြီးနိုင်တယ်ဆိုတာ သက်သေသာဓက မလုံ လောက်သေးဘူးလား (လုံလောက်ပါတယ်)။

လုံလောက်တဲ့ဘဝမှ ပါရမီစပျိုးရတယ်လို့ မယူလိုက်ပါနဲ့ (မှန်ပ့ါ) ပါရမီပြီးပြီးသားထားပါ ဟုတ်ပလား (တင်ပ့ါ)။

ဒီဘဝကျတော့လည်း လိုလိုချင်ချင်မရှိဘူးလားဗျာ (ရှိပါတယ်)။

အေးလိုလိုချင်ချင်ရှိနေတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း သောတာပန်တည်ခြင်း အကြောင်းလေးပါးလို့ ခဏခဏပြောနေတယ်။ ဟုတ်ဘူးလား။ အဲတော့ ကိုး။ နှစ်ပါးသောနည်းနဲ့တောင်ကွာ မဂ်ရနိုင်တယ် (မှန်လှပါ)

## နှစ်မျိုးတည်းနဲ့ မဂ်ရနိုင်တယ်

တရားနာမှုနဲ့ အားထုတ်မှုရှိရင် ရရမယ်ဟော့တဲ့ ဟောပဏ္ဏာသပါဠိတော်မှာ လာပြန်တယ် (မှန်လှပါ) တရားနာရမယ်တဲ့ တရားနာတဲ့အတိုင်း သိမှတ်ပြီး အားထုတ်လို့ရှိရင် နှစ်မျိုးတည်းနဲ့ သမ္မာဒိဋ္ဌိရရမယ်တဲ့ (မှန်လှပါဘုရား)။

သမ္မာဒိဋ္ဌိဆိုတာ မဂ္ဂင်ပေ့ါဗျာ၊ ဒါမဂ်ရမယ်ပြောတာပေ့ါ။

အဲတော့ ဒကာဒကာမတွေ အားငယ်စရာ ရှိသေးရဲ့လား (မရှိပါဘုရား)။ ခင်ဗျားတို့ တရားလည်းမနာဘူးလား

(နာပါတယ်ဘုရား) အားလည်းမထုတ်ဘူးလား (ထုတ်ပါတယ်) အဲဒီအတိုင်းစုံရင် မဂ်ရရမယ် (မှန်လှပါဘုရား) သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် ဒကာဒကာမတွေကြောင့်ကြစရာ စိုးရိမ်စရာလိုသေးလား (မလိုပါဘူး)။

မလိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ သမာဓိကို သမာဓိတည်တည်ထားပြီးသကာလ သမာဓိက ဝေဒနာပေါ် တည့်တည့်ထား၊ ပညာကိုအဲဒီဆွဲယူ (တင်ပါ့) အဲဒီလိုသမာဓိက ဆွဲယူလိုက်လို့ရှိရင် ခင်ဗျားတို့လိုရာခရီးကို ကိစ္စပြီးပါလိမ့်မယ်။

## သာဝကမှာ ပါရမီမလိုဘူး

ဘာမှ ပါရမီတွေ ဘာတွေတွေးမနေနဲ့ သာဝကဆိုတာ ကြုံရာခရီးသာ မှတ်ပေတော့ ဟုတ်ဘူးလား ကြုံရာခရီးဆိုတဲ့ ဥစ္စာသည် ပါရမီမလိုပါဘူး လိုသေးရဲ့လား (မလိုပါဘူး) မလိုပါဘူး။

အဲတော့ မျိုးရိုးကပြောထားတာတွေကို ခင်ဗျားတို့က နားစူးမနေပါနဲ့ သူတို့စာကြည့်ပြီး စာစဉ်ကြည့်ပြီး ဘုရားဟောတွေကြည့်ပြောတာမဟုတ်ဘူး အဲဒါကြောင့် အခုပါရမီရှိတယ်သာထားလိုက် ရိပ်မိပလား (ရိပ်မိပါပြီ)။

ပါရမီရှိတယ် မရှိတယ် ခင်ဗျားတို့ ကိုယ့်ချိန်ခွင် ချိန်ကြည့်။ ကိုယ့်ကိုယ်ကို ချိန်ကြည့် ဖြစ်ပျက်ကလေးတွေ မြင်လာမယ်၊ ဖြစ်ပျက်အားထုတ်လို့ရှိရင် ခန္ဓာကိုယ်ထဲမှာ ငြိမ်းရင်လည်း ငြိမ်းမယ်၊ အေးရင်လည်းအေးမယ်။

ခန္ဓာကိုယ်ထဲ အလုံးစုံလည်း မြင်လာမယ်။ ငြိမ်းတာနဲ့ တစ်ချက်တည်း ငါဒီဘဝ မဂ်ရထိုက်တာပဲ။ ဉဒယဗ္ဗယဉာဏ် ဆုံးတော့ သောတာပတ္တိမဂ်က လာပဟ ဆိုလို့ရှိရင် တစ်ချက် ငါ ဒီဘဝမဂ်ရရမယ်ဆိုတဲ့ဉစ္စာ စမ်းကြည့်မှ သိမှာ သဘော ကျပလား (ကျပါပြီ)။

## ငါဒီဘဝမဂ်ရရမယ်

အဲတော့ တချို့ဒကာဒကာမတွေကျတော့ အရောင် အဆင်းတွေလာသားပဲ ငြိမ်းအေးတာတွေကော (လာပါ တယ်) လာတော့ ကိုယ့်အတွက် ဘာစဉ်းစားဖို့လိုသေးသလဲ (မလိုတော့ပါဘုရား)။

ဒီဘဝကိစ္စပြီးမည့် ပုဗ္ဗာနိမိတ်မသေချာဘူးလား (သေချာပါတယ်) အေးဒါကြောင့် ပုဗ္ဗာနိမိတ် သေချာတာ တောင်မှ ဒကာဒကာမတို့က ပျော့ချင်သေးသလား (မပျော့ ချင်ပါဘူးဘုရား)။

မပျော့နဲ့ ဒကာစိန်ရ ပျော့ရင်မှားလိမ့်မယ် ပျော့ရင်

မြေပုံနီးလိမ့်မယ် ပျော့ရင်ဘယ်နှယ်ဆိုကြမယ် (မြေပုံနီးမှာပါဘုရား) အေး အဲဒါနဲ့ ချောက်။

မျက်နှာများချင်သေးလို့ ပခုံးပြောင်းချင်သေးလို့ (မှန်လှပါ) ခင်ဗျားတို့ မြည်ရ၊ တွန်ရမှာပဲ ဒကာဒကာမတွေက ဘယ်လိုမြည်ကြမလဲ (မျက်နှာများချင်သေးလို့ ပခုံးပြောင်းချင်သေးလို့ပါဘုရား) အေး မျက်နှာများချင်သေးလို့လားလို့ မေးသဘောကျပလား (ကျပါပြီ)။

## ရေနစ်နေလို့တုံးထိုးပေးနေတာ

သေခါနီးတွေကို ရေမြုပ်နေတဲ့ သေခါနီးတွေကို ဘုန်းကြီးက တုံးထိုးပေးတာကို ဖြေးဖြေးမှ ပေးပါဆိုလို့ရှိရင် ဒါရေနစ်တဲ့လူဟာ မိုက်သေးတဲ့အပြင် ရှူးသေးတယ် (မှန်လှပါဘုရား)။

မိုက်တဲ့အပြင် ရှူးသေးတယ်၊ ရေနစ်နေတဲ့ပုဂ္ဂိုလ်သည် ရေပါးစပ်ထဲဝင်လို့ မြုပ်လုပြီ၊ နစ်လုပြီဖြစ်နေလို့ ဘုန်းကြီးကတုံးထိုးပေးတာ (မှန်ပါ့)။

ခင်ဗျားတို့က အဓ္ဓေ၊ သုရေဝကို (မှန်ပါ့) ယနေ့လား နက်ဖြန်လားဆိုတာ ဘယ်သူသိသလဲ (မသိပါဘုရား)။

## မဂ္ဂင်ဖောင်ပေါ် အမြန်ဆုံးတက်ပါ

အဲဒါ မဂ္ဂင်ဖောင်ကြီးစီးပြီးတော့ မဂ်ရင်အောင်လို့ တုံးထိုးပေးထားတယ် ဒီအပေါ်တက် ဒီအပေါ်တက်၊ မြန်မြန်

တက်လို့ပြောနေတာ၊ ဖြေးဖြေးမှပေးပါဆိုတော့ ကိုက်သေးရဲ့လား (မကိုက်ပါဘုရား)။

အဲဒါမိုက်တဲ့အပြင် ရှူးတာပဲလို့ ဆိုရလိမ့်မယ် ရိပ်မိကြပလား (ရိပ်မိပါပြီ) ဒီတစ်ခါ မိုက်လည်းမမိုက်တော့ပါဘူး ရှူးလဲမရှူးတော့ပါဘူး မဂ္ဂင်ဖောင်ပေါ် အမြန်ဆုံးတက်မှ ရမယ် ရေနစ်မှာက နက်ဖြန် သန်ဘက်ကို သေနိုင်တယ် (မှန်ပါ့ဘုရား) ဟုတ်ပလား (တင်ပါ့)။

## သစ္စာလေးချက်တစ်ပြိုင်နက်ပေါ်တယ်

ဒါဖြင့် သဲသဲကွဲကွဲရှိတယ်ဗျာ ဒီလိုဆိုရင် ဖြစ်ပျက်က ဘာသစ္စာလဲ (ဒုက္ခသစ္စာ) ရှုတဲ့ဉာဏ်က (မဂ္ဂသစ္စာ) သေတာက (သမုဒယသစ္စာ)။

သမုဒယသေတဲ့အခါ နောင်ခန္ဓာဇာတ်တွေ ပြတ်တာက (နိရောဓသစ္စာပါဘုရား) ဟော သစ္စာလေးချက် တစ်ပြိုင်နက်ပေါ်တယ် (မှန်လှပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

**ကဲ ယနေ့ ဒီတွင်တော်ကြစို့။**

**သာဓု . . . သာဓု . . . သာဓု။**